မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၂၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ *စာမျက်နှာ ၃ ကော်လံ ၃* ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Chaisit Shinawatra** အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အေးအတူ ပူအမျှ စုပေါင်းနေထိုင်ခဲ့ကြ

ဒို့ဘိုး ဒို့ဘွား တစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ ဒို့နိုင်ငံမှာ အေးအတူ ပူအမျှ စုပေါင်းနေထိုင်ခဲ့ကြတယ်။ ဒို့တိုင်းရင်းသားအားလုံးဟာ မွေးဖွားသည်နဲ့ တစ်ပြိုင်နက် နိုင်ငံသားဖြစ်ကြတဲ့ တူညီသော အခွင့်အရေးနဲ့ နေထိုင်ခဲ့ကြတာဟာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီဖြစ်တယ်။

ကတိသစ္စာ တည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ပွင့်လင်းခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ အားနာတတ်ခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်းစတဲ့ အင်္ဂါရပ်တွေဟာ တိုင်းရင်းသားအားလုံးမှာ တူညီစွာရှိနေကြပြီး ဒို့လူမျိုးရဲ့ စရိုက်လက္ခဏာဖြစ်နေတာကို တွေ့ရလိမ့်မယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)
သင်တန်းဆင်းပွဲ၌ မြွက်ကြားသောမိန့်ခွန်းမှ–



မြန်မာ့အလင်း

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ကဗျာ (စာ–၃)

❒ ဒို့နိုင်ငံရဲ့ အတိတ်သမိုင်းကိုပြန်ကြည့်ရင်

ကာတွန်းမောင်ဗချီ (စာ–၃)

❒ တိုင်းပြည်တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို ဖောက်လုပ်ဆောင်ရွက်ပေးလိုသည်မှာ တပ်မတော်အစိုးရ၏စေတနာအာသီသပင်ဖြစ်သည်။

သီဟအောင်၏ ဆောင်းပါး (စာ–၈၊၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

3-2 (01).p65 1 3/25/05, 6:26 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာဖြစ်ထွန်းစေရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကာလ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများသည် ၁၉၈၈ခုနှစ် အခြေအနေများနှင့် မနှိုင်းယှဉ်သာအောင် ကွာခြားပြောင်းလဲခဲ့ပြီ ဖြစ်သည်။

ယင်းသို့ ကာလနှစ်ခု မနှိုင်းယှဉ်သာအောင် ကွာခြားခဲ့ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိခဲ့ခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် နိုင်ငံတော်က အမျိုးသားစီမံကိန်းများချမှတ်ရေးဆွဲ အကောင်အထည်ဖော်လျက် ရှိသည်။

စီမံကိန်းများရေးဆွဲ၍ အခြေခံအဆောက်အအုံများ ရေးဆွဲအကောင်အထည်ဖော်ရာ၌ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို လျာထားဆောင်ရွက်လျက် ရှိသည်။

ဒေသအလိုက် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော်တစ်ဝန်းလုံးတွင် အကြားအလပ်မရှိ၊ နေရာဒေသမရွေး ဘက်စုံ၊ ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်မှုများ တွေ့မြင်နေရပြီ ဖြစ်သည်။

နိုင်ငံတော်တွင် ထုထည်ပမာဏ အကြီးမားဆုံးဖြစ်သော လယ်ယာကဏ္ဍ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ဆည်မြောင်းတာတမံ စီမံကိန်းအသစ်များ၊ မြစ်ရေတင်လုပ်ငန်းများကို စီမံကိန်းများရေးဆွဲကာ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့အကောင်အထည်ဖော်လျက် ရှိသည်။

ထို့အတူ တိုးတက်လာမည့် စက်မှုလုပ်ငန်းများနှင့် လူနေမှုစနစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အကြီးစား၊ အလတ်စား၊ လျှပ်စစ်စွမ်းအား စီမံကိန်းများကို အကောင်အထည်ဖော်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်ပေးလျက် ရှိသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် မော်တော်ကားလမ်းများ၊ မြို့ချင်းဆက်၊ ရွာချင်းဆက် လမ်းများ တိုးချဲ့ခြင်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ လေဆိပ်သစ်များ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက် ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပဓာနကျသော ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲချမှတ် ဖော်ဆောင်လျက်ရှိသည်။ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ယူမှုအခွင့်အလမ်း မြင့်မားတိုးတက်ရေးနှင့် ပညာအရည်အသွေး မြင့်မားရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာတွင် ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ပြည်နယ်နှင့်တိုင်းအနှံ့ ဖြန့်ကြက် တည်ဆောက်ပေးထားသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးပညာသင်ကြားမှု၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်မှုတို့ကို ဖြည့်ဆည်းမြှင့်တင်ပေးလျက် ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတစ်ဝန်းဘက်စုံ၊ ကဏ္ဍစုံ မြှင့်တင်ဆောင်ရွက်ပေးနေခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များချထားဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် တည်ဆောက်ပေးလျက်ရှိသည့် အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့်လက်တွဲ၍ ကျရာကဏ္ဍက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တရားဝင်အခွင့်အရေး ပူးပေါင်းကာကွယ်

ဗင်နီဇွဲလားနိုင်ငံရောက် တရုတ်ဒုတိယသမ္မတပြောကြား

ကရာကာ့စ် ဖေဖော်ဝါရီ ၁

တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် အပြန်အလှန်ဖလှယ်မှုနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုတိုးမြှင့်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ် ကြောင်း ဗင်နီဇွဲလားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသည့် တရုတ်ဒုတိယသမ္မတ ဇန်ကျင်ဟွန်က ကရာကာ့စ်မြို့တွင် သောကြာနေ့၌ ပြောကြားလိုက်သည်။

ဗင်နီဇွဲလားဒုတိယသမ္မတ ဂျို့စ်ဗီစင်တီရန်ဂယ်နှင့် အစည်းအဝေးပြုလုပ်စဉ် ဇန်က တရုတ်နှင့်ဗင်နီဇွဲလားနိုင်ငံတို့သည် ဆက်သွယ်ရေး၊ အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တိုးမြှင့်စေရန်အတွက် ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ပြောကြားသည်။

တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဆက်ဆံရေးသည် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ၂၀၀၁ခုနှစ်အတွင်း၌ နှစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု၏ မဟာဗျူဟာပေါင်းဖော်ဖက် ဖြစ်လာခဲ့ကြသည်ဟု ဇန်က ပြောကြားသည်။

မိမိ၏ အလည်အပတ်ခရီးသည် ပိုမိုချစ်ကြည်ရင်းနှီးမှုရှိရေး၊ အပြန်အလှန်ယုံကြည်ကိုးစားမှု ပိုမိုခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းရေး၊ ဘုံဖွံ့ဖြိုးတိုးတက်မှုရှာကြံရေးတို့အတွက် ရည်ရွယ်ကြောင်း ဇန်က ပြောကြားသည်။ နှစ်ဖက် တညီတညွတ်တည်း သဘောတူချက်ရသည်နှင့် ကြိုးပမ်းမှုများကို အမြန်ဆုံး အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ တရုတ်နှင့်ဗင်နီဇွဲလားနိုင်ငံတို့သည် ဘက်ပေါင်းစုံကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တရားဝင် အခွင့်အရေးကို စုပေါင်းကာကွယ်သွားရမည် ဖြစ်ကြောင်း မစ္စတာဇန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုတိုးတက် ၂၀၀၅ခုနှစ်တွင် စီးရေတစ်သန်း ထုတ်လုပ်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၁

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုသည် ယခုနှစ်တွင် အစီးရေတစ်သန်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (အက်ဖ် တီအိုင်)က ထုတ်ပြန်ခဲ့သည်ဟု ဘီးစီးနက်ဒေးဝက်ဘ်ဆိုက်က တနင်္လာနေ့တွင် ဖော်ပြထားသည်။

ထိုင်း စက်မှုလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် ၂၀၀၅ခုနှစ်တွင် မော်တော်ယာဉ် ၁၈ ဒသမ ၃၉ရာခိုင်နှုန်း စီးရေ ၁၀၉၈၇၅၁ စီး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းမှ မော်တော်ယာဉ် စီးရေ ၇၀၀၀၀၀မှာ ပြည်တွင်းဈေးကွက်အတွက် မျှော်မှန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခင်နှစ်က မော်တော်ယာဉ်ထုတ်လုပ်နိုင်မှုမှာ စီးရေ ၉၂၈၀၈၁ စီး ဖြစ်ပြီး ၂၃ဒသမ ၆ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယင်းတို့မှာ လူစီးမော်တော်ကားနှင့် ကုန်တင်ယာဉ်များဖြစ်ကြောင်း အက်ဖ်တီအိုင်၏ မော်တော်ယာဉ်စက်မှုလုပ်ငန်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူရာပွန်က ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ထိုင်းနိုင်ငံအနေဖြင့် ပြည်ပသို့ မော်တော်ယာဉ် တင်ပို့မှုမှာ စီးရေ ၃၃၂၀၅၃ စီး ဖြစ်ပြီး ယင်းကဲ့သို့ တင်ပို့မှုကြောင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ဒသမ ၇၅ ဘီလီယံခန့် ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့နိုင်မှုသည် မကြာမီနှစ်ကထက် ၄၁ဒသမ ၂၃ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ဒသမ ၁၇ဘီလီယံခန့် တိုးတက်ရရှိခဲ့ကြောင်းလည်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကမ္ဘာ့စီးပွားရေး တိုးတက်မှုတွင် အာရှသည် ခိုင်မာသော အင်အားစုဖြစ်လာ

ဒေဗို့စ်(ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၁

ပူးပေါင်းဆောင်ရွက်မှု၏ အင်အားကြီးမားသော ပြယုဂ်ဖြစ်လာခြင်းနှင့်အတူ အာရှသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုတွင် သေချာခိုင်မာသော အင်အားစုကြီးတစ်ရပ် ဖြစ်လာနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းအရာရှိကြီးတစ်ဦးက ဒေဗို့စ်မြို့၌ သောကြာနေ့တွင် ပြောကြားလိုက်သည်။

အာရှ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲတိုးတက်မှုများနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရှန်ဂူဖန်က ပြောကြားသည်။

မစ္စတာ ရှန်ဂူဖန်သည် ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၀၅ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လာသည့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟောင်လူနှင့်အတူ လိုက်ပါလာသူ ဖြစ်သည်။

အာရှ၏ စီးပွားရေးတိုးတက်မှု အားလုံးမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၀၅(ဒဗလျူအီးအက်ဖ်)၏ ညစာစားပွဲ၏ ခေါင်းစဉ်တစ်ရပ်ဖြစ်သော "အာရှ၏ဟန်ချက်ညီသော ဥပဒေသအသစ်"နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ မစ္စတာရှန်က အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်လေကြောင်းလိုင်းများ ဘိုးရင်း 7E7 လေယာဉ် အစင်း ၆၀ ဝယ်ယူမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂

တရုတ်လေကြောင်း ထောက်ပံ့ရေးဆိုင်ရာ တင်သွင်းမှုနှင့် တင်ပို့ရေးအဖွဲ့ (စီအေအက်စ်အိုင်အီးဂျီ)နှင့် တရုတ်လေကြောင်းလိုင်းခြောက်ခုတို့သည် ဘိုးရင်းကုမ္ပဏီမှ 7E7လေယာဉ်အသစ်အစင်း ၆၀ကိုဝယ်ယူရန် ဝါရှင်တန်မြို့၌ သောကြာနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ယင်းကဲ့သို့ လေယာဉ်အစင်းပေါင်းများစွာနှင့် တန်ဖိုးပမာဏကြီးမားသော သဘောတူညီချက်တစ်ခုကို တရုတ်လေကြောင်းလိုင်းများက လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ကြောင်းလည်း စီအေအက်စ်အိုင်အီးဂျီနှင့် တရုတ်လေကြောင်းလိုင်း ခြောက်ခုတို့၏ ဝါရှင်တန်ဒီစီတွင်ပြုလုပ်သော သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုတက်ရောက်သူ အရာရှိများက ပြောကြားသည်။

တရုတ် လေကြောင်းလိုင်းခြောက်ခုမှာ အဲယားချိုင်းနား၊ တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်း၊ ရှန်ဟိုင်းလေကြောင်းလိုင်း၊ အိုင်လီနန် လေကြောင်းလိုင်း၊ တရုတ်တောင်ပိုင်း လေကြောင်းလိုင်းနှင့် ဇိုင်ရာမန် လေကြောင်းလိုင်းတို့ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ✳ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* ✳ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ✳ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* ✳ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

❒ ဒို့နိုင်ငံ၊ သယံဇာတ
သဘာဝအလျှောက်၊ လက်ရောက်မနေး
သူလျှင်ပေးဝေ၊ ကျွန်းသစ်,ရေနံ
ကျောက်သံပတ္တမြား၊ ကောက်နှံစပါး
များလည်းများ၏ ပေါကြွယ်ဘိ။

❒ သယံဇာတ၊
ကြွယ်ဝပေါလျှိုင်၊ လွတ်လပ်နိုင်ငံ
ဖြစ်ခဲ့ပြန်လည်း....။

❒ လွတ်လပ်ပြီးနောက်၊
တစ်ယောက်တစ်လမ်း၊ ဆူပူရမ်းခြင်း
ငါတစ်မင်းသူတစ်လူ၊ ငြူစူစိတ်ဝမ်း
မငြိမ်းချမ်း၍၊ ခြေလှမ်းများစွာ
နောက်မှာကျန်ရစ်၊ ရွှေပြည်သစ်နှင့်ဝေးခဲ့၏။

❒ သည်သမိုင်းကြွေး၊ ပြန်ဆပ်ရေးမှာ
စည်းလုံးရည်ဆောင်၊ ပြည်ထောင်စုသား
ညီနောင်ဖွားတို့၊ စိတ်ထားညီတူ
ကြည်ဖြူအေးချမ်း၊ ခြေလှမ်းညီညီ
ခေတ်မီဖွံ့ဖြိုး၊ တိုးတက်ခံ့ခိုင်
ဒို့နိုင်ငံကို၊ ထက်သန်တက်ကြွ
တည်ဆောက်မှသာ၊ သာယာတစ်ခေတ်
ရွှေပြည်သစ်မည်၊ အုတ်မြစ်ခိုင်ခိုင်ချပါစို့။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။
(သတင်းစဉ်)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅
အချိန် – နံနက် ၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

■ **ရှေ့ဖုံးမှ**

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhira Kaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဆိပ်အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့်ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၌ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အီလက်ထရွန်းနစ်စက်မှုလုပ်ငန်းများ အားပေးပျိုးထောင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း နားလည်မှုရှိရှိဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၅)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

လက်ရှိ ကာလတိုင်ါးနှစ်စီမံကိန်းကာလ၌ စက်မှုလက်မှုကဏ္ဍသည် ၂၀ ရာခိုင်နှုန်းကျော်ဖြင့် နှစ်စဉ်အရှိန်အဟုန်ရှိရှိ တိုးတက်နေသဖြင့် တိုးတက်မှုနှုန်းမှာ အားတက်စရာကောင်းကြောင်း၊ သို့ရာတွင် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၌ စက်မှုလက်မှုကဏ္ဍ၏ ပါဝင်သည့် အချိုးအစားမှာမူ ၁၀ ရာခိုင်နှုန်းကျော်ခန့်အထိသာ တိုးတက်ဖြစ်ပေါ်နေသဖြင့် အားနည်းနေသေးကြောင်း၊ စက်မှုလက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစား မြင့်မားလာအောင် မိမိတို့အားလုံး တက်ညီလက်ညီ ဆက်လက်အရှိန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေး၊ မုံရွာ၊ တောင်ကြီး (အေးသာယာ)စက်မှုဇုန်များရှိ ခေတ်မီသံရည်ကျိုအလုပ်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းသည် အရွယ်အစားအရ သေးငယ်သော်လည်း အရေအတွက်အရရော၊ ထုတ်လုပ်မှုပမာဏအရပါ အများစုဖြစ်ကြကြောင်း၊ နိုင်ငံတော်ရှိစက်ရုံ၊ အလုပ်ရုံများအနက် ၉၀ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကပိုင်ဖြစ်ကြောင်း။

ထို့ကြောင့် ပုဂ္ဂလိက **အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင်၊ အရည်အသွေးအဆင့်အတန်းရှိလာအောင်၊ ခေတ်မီနည်းပညာတိုးချဲ့သုံးစွဲလာအောင်၊ ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ်ရောက်အောင် ဝိုင်းဝန်းတွန်းတင်ပေးရမည်ဖြစ်ကြောင်း။**

ထို့ကြောင့် မိမိတို့ကော်မတီအနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီကို သီးခြားဖွဲ့စည်းတာဝန်ပေးထားပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်လာအောင် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း။

ထို့ပြင် သမဝါယမဝန်ကြီးဌာနသည်လည်း အသေးစားပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဆက်စပ်ညှိနှိုင်းမှုများပြုလုပ်၍ ပြုစုပျိုးထောင်သွားရန်လိုကြောင်း။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်အောင် ယခုကဲ့သို့ ဝိုင်းဝန်းတွန်းတင်ရာ၌ မိမိတို့ဖွဲ့စည်းထူထောင်ထားပြီးသော **ပုဂ္ဂလိကစက်မှုဇုန်များကို အခြေခံအားပြုရမည်ဖြစ်ကြောင်း။**

ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်

စက်မှုဇုန်အလိုက် တည်ရှိနေသည့် အတတ်ပညာစွမ်းအားနှင့် ငွေကြေးအင်အားတို့အပေါ်မူတည်၍ **စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးလာအောင် လက်တွေ့ကျကျ အားပေးသွားနိုင်ကြရမည်ဖြစ်ကြောင်း။**

ထို့ကြောင့် လက်တွေ့လုပ်ငန်း လိုအပ်ချက်များအရ ပြောင်းလဲဖွဲ့စည်းတာဝန်ပေးထားသည့် ဆပ်ကော်မတီများသည် စက်မှုဇုန်များ၏ လက်တွေ့ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးရေးကို ထိရောက်စွာလုပ်ကိုင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအခါ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် သံနှင့် သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်းကို ခေတ်မီအောင် မန္တလေး၊ မုံရွာနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ပုံလောင်း၊ပုံဖိ၊ သံခုတ်စား အလုပ်ရုံများကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ထူထောင်တည်ဆောက်နေသည်မှာ ယခုလာမည့် ဧပြီလကုန်ခန့်၌ စက်များစတင်လည်ပတ်တော့မည်ဖြစ်ကြောင်း။

ယင်းခေတ်မီစက်များထူထောင်နိုင်ခြင်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောအလှည့်အပြောင်းဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ယင်းစက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်ငန်းနှင့် ဆက်နွှယ်ပြီး လိုအပ်သည့်ပုဂ္ဂလိက Mould & Die အလုပ်ရုံကိုပါ ထူထောင်လျက်ရှိနေပြီဖြစ်ကြောင်း။

အလားအလာကောင်း

ထို့ကြောင့် **ပုဂ္ဂလိကစက်မှုလုပ်ငန်းများသည် အရည်အသွေးအဆင့်အတန်းအရ မြင့်မားလာတော့မည်ဖြစ်၍ ပုဂ္ဂလိက စက်မှုလုပ်ငန်းများအတွက် အနာဂတ်အလားအလာကောင်းနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။**

ထို့ကြောင့် လက်ရှိအောင်မြင်ဖြစ်ထွန်းနေသည့် လက်တွန်းထွန်စက် ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းသုံး ကုန်တင်ယာဉ်ငယ်ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကားထုတ်လုပ်မှုလုပ်ငန်းတို့ကို သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများအဖြစ် ပီပီပြင်ပြင် ပိုမိုတိုးတက်လာအောင် ဝိုင်းဝန်းအားပေးကြရန်လိုကြောင်း။

အားပေးပျိုးထောင်

ဤနေရာ၌ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း တက်ညီလက်ညီ နားလည်မှုရှိရှိ ဆက်စပ်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ကြောင်း။

ထို့အတူ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့် အီလက်ထရွန်းနစ်စက်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်း အားပေးပျိုးထောင်ရန် လိုအပ်ကြောင်း။

ထို့ပြင် စက်မှုလက်မှုသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာဖြန့်ချိရေးအပိုင်းကိုလည်း ယခုကတည်းကပင် အခြေချလုပ်ကိုင်နိုင်ရေး ပြုစုအားပေးထားရန်လိုကြောင်း၊ ထို့ကြောင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် ရေရှည်အကျိုးကို မျှော်မှန်းပြီး လိုအပ်သည်များကို မိမိတို့ကော်မတီက အားပေးကူညီသွားမည်ဖြစ်ကြောင်း။

ခြုံလိုက်လျှင် **စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်နှင့်ယှဉ်ပြီး ထက်မြက်သည့်တွေးခေါ်မှုများဖြင့် စက်မှုကဏ္ဍ၏ ဖွံ့စည်းဖြစ်ပေါ်မှုလမ်းကြောင်းကို မှန်မှန်ကန်ကန် ပုံဖော်ပေးကြရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏အနာဂတ် ခေတ်မီရှင်သန်မည်ဖြစ်ကြောင်း။**

တစ်ဆင့်ပြီးတစ်ဆင့်ထူထောင်

အတတ်ပညာအား၊ တီထွင်ကြံဆမှုအား၊ဓန၊ လုံ့လ၊ ဝီရိယအား၊ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုအားတို့ဖြင့် တိုင်းပြည်အတွက် လိုအပ်နေသည့် စက်မှု လုပ်ငန်းများကို လမ်းကြောင်းမှန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထူထောင်သွား နိုင်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စက်မှုဇုန် ၁၈ ဇုန်

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၅ ခုနှစ်မှစ၍ စက်မှုဇုန်များကို ထူထောင်ပေးခဲ့ရာ ယခုအခါ စက်မှုဇုန် ၁၈ ဇုန်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ စက်မှုဇုန်များ၌ လူပေါင်း ၁၅၀၀၀၀ကျော် အလုပ်အကိုင်များ ရရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် စက်မှုဇုန်များအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် အဓိကထုတ်ကုန် အမယ်သစ်များကိုလည်း တီထွင်ကြံဆထုတ်လုပ်လာနေပြီဖြစ်ကြောင်း။

စက်မှုဇုန်သုံးဇုန်၌ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖိအလုပ်ရုံများကို တည်ဆောက်လျက်ရှိရာ အဆောက်အအုံ တည်ဆောက်မှုအနေဖြင့် မန္တလေးစက်မှုဇုန်၌ ၈၄ရာခိုင်နှုန်းကျော်၊ မုံရွာစက်မှုဇုန်၌ ၉၁ ရာခိုင်နှုန်းကျော်၊ တောင်ကြီး အေးသာယာစက်မှုဇုန်၌ ၉၉ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် Mould and Die စက်ရုံတည်ဆောက်လျက်ရှိသည့် တိုးတက်မှုအခြေအနေနှင့် ဓာတ်ဆီနှင့် ဒီဇယ်သုံးမော်တော်ယာဉ်များအား CNGသုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲ တပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းခေတ်မီအလုပ်ရုံများ တည်ဆောက်မှုနှင့် တစ်ဆက်တစ်စပ်တည်း Mould and Die Making Plant ကိုလည်း ရွှေပြည်သာစက်မှုဇုန်၌ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

စက်မှုဇုန်များအနေဖြင့် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်း၌ ဓာတ်ဆီသုံးမော်တော်ယာဉ် ၁၄၆၇ စီး၊ ဒီဇယ်ဆီသုံး မော်တော်ယာဉ် ၃၅၃၃စီး စုစုပေါင်းစီးရေ၅၀၀၀ကို ယခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီး ပြောင်းလဲတပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ရေနံချောင်းစက်မှုဇုန်

ဖွံ့ဖြိုးမှုအားနည်းခဲ့သည့် ရေနံချောင်းစက်မှုဇုန်ကို အဘက်ဘက်က အားပေးပံ့ပိုးကူညီခဲ့မှုများကြောင့် ယခုအခါ ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်များကို စည်းကမ်းတကျ နည်းမှန် လမ်းမှန်ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီးအေးသာယာစက်မှုဇုန်တို့၌ တည်ဆောက်လျက်ရှိသည့် သံရည်ကျိုအလုပ်ရုံများ၏ တိုးတက်မှုအခြေအနေများ၊ စက်ရုံများအတွက်စက်ပစ္စည်း ရောက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က Mould and Die စက်ရုံတည်ဆောက်လျက်ရှိသည့် တိုးတက်မှုအခြေအနေ၊ ဓာတ်ဆီနှင့် ဒီဇယ်သုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်မှုဇုန်များ ဖွံ့ဖြိုးရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက စက်မှုဇုန်အလိုက် ဝင်ရောက်ပြီး မိမိတို့တာဝန်ယူရသော ဘာသာရပ်အလိုက် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရန်မှာကြားရာ စက်မှုဇုန် တာဝန်ခံဝန်ကြီးများဖြစ်သည့် အမှတ်(၁)စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့က ဝန်ကြီးဌာနများအနေဖြင့် စက်မှုဇုန်များနှင့် ပိုမိုထိတွေ့ပြီး လုပ်ငန်းများကို အားပေးလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စက်မှုလက်မှုလုပ်ငန်းများက စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဆက်လက်အားပေး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ် တင်ထွတ်နှင့် ဗိုလ်မှူးချုပ်လွန်းသီတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်နည်းပညာပြန့်ပွားရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြခန်းများ ခင်းကျင်းစီစဉ်ပြသထားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် အောင်မြန်မာစက်မှုလုပ်ငန်းတို့ ပူးပေါင်း၍ ဆန်စက်သုံး ဆန်ဖြူကျောက်ဆံများအား ပြည်တွင်းဖြစ် ဓာတုဗေဒကုန်ကြမ်းများဖြင့် စမ်းသပ် တီထွင်ထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက ဆန်ဖြူကျောက်ဆံထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့မှုနှင့် ရရှိလာသည့်ဆန်ဖြူကျောက်ဆံ၏ အရည်အသွေးများကို ရှင်းလင်းတင်ပြကြသည်။

ဆန်စက်သုံး ဆန်ဖြူကျောက်ဆံကို ပြည်ပမှတင်သွင်းရာ၌ ဆန်ဖြူကျောက်ဆံတစ်စုံ၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ၆၅၀နှင့် ငွေကျပ် ၁၃၈၀၀ ဖြစ်ပြီး ယခုစမ်းသပ်ထုတ်လုပ်ရာတွင် ငွေကျပ် နှစ်သောင်းခန့်သာ ကုန်ကျသည်။

သွင်းကုန်အစားထိုး

စမ်းသပ်ထုတ်လုပ်ထားသည့် ဆန်ဖြူကျောက်ဆံ၏ အရည်အသွေးမှာလည်း ကောင်းမွန်ပြီး သွင်းကုန်အစားထိုးလုပ်ငန်းတစ်ခုအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) စက်မှုဝန်ကြီးဌာနက စီစဉ်ပြသထားသည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လည်းကောင်း၊ မော်တော်ယာဉ် ကရိုင်းရုပ်ထုတ်လုပ်နိုင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန စက်ခေါင်းစက်ရုံ(အင်းစိန်)က တီထွင်ထုတ်လုပ်ထားသော ရထားစက်ခေါင်းသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းရှင်များသို့ အပ်နှံလိုသည့် စက်ပစ္စည်းနမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းမှ ဝါးအမျှင်ပြုလုပ်ခြင်းနှင့် ကတ်ထူပြားပြုလုပ်ခြင်းပြကွက်၊ ငှက်ဖျားရောဂါကုဆေးစမ်းသပ်ခြင်းပြကွက်၊ ဇီဝဓာတ်ငွေ့သုတေသနဆိုင်ရာ ပြကွက်၊ သွင်းကုန်အစားထိုး အင်ဂျင်ပစ္စည်းများပြုလုပ်ရန် သုတေသနပြုလုပ်ခြင်းပြကွက်၊ ဆက်သွယ်ရေးစက်၊ အမာတင်စက် စမ်းသပ်သုတေသနပြုမှုပြကွက်၊ တန်ဖိုးနည်း အိမ်ဆောက်ပစ္စည်း စမ်းသပ်ထုတ်လုပ်ခြင်းပြကွက်၊ အမြင့်တက် စက်ရုပ်စမ်းသပ်သုတေသနပြုနေမှု ပြကွက်၊ ကွန်ပျူတာနှင့် လျှပ်စစ်စွမ်းအားဆိုင်ရာများနှင့် စပ်လျဉ်း၍ သုတေသနပြုဆောင်ရွက်မှုဆိုင်ရာ ပြကွက်များကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အိုင်တီကုမ္ပဏီများ၏ ပြခန်းများ၌ ပြသထားသော Hardware နှင့် Software များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အားပေးမှာကြားသည်။

(သတင်းစဉ်)

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၁၃)ကြိမ်မြောက်မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ၉ရက်မှ ၁၁ရက်အထိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ဗိုလ်လောင်း၊ သူနာပြုဗိုလ်လောင်းနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် စာပေညွှန်ကြားရေးမှူး တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁-၃၅၀၆၃သို့ လည်းကောင်း၊ မှတ်ပုံတင်အရာရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ ဖုန်း-၀၃၁-၃၅၀၇၉သို့ လည်းကောင်း၊ မှတ်ပုံတင်အရာရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၁၂၅၃သို့လည်းကောင်း၊ မှတ်ပုံတင်အရာရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) မင်္ဂလာဒုံ ဖုန်း-၀၃၁-၃၅၁၀၉ သို့လည်းကောင်း ဆက်သွယ်၍ ဖေဖော်ဝါရီ ၁ ရက်မှစပြီး ကျင်းပမည့်ရက်မတိုင်မီ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် သိန်းစိန် (အမျိုးသား စာပေ-၁၉၆၅)၊ ဆင်ဖြူကျွန်း မြင့်သိန်း၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ စောလှနွယ်(မကွေး)၊ မောင်ကွန်ပျူတာ၊ ဦးလှမင်း၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ကြည်လင်း(ဆေး)တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မင်းရဲကျော်၏ ကဗျာ၊ နိုင်ငံတကာသတင်းများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းတို့၏ လှုပ်ရှားမှုသတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(က-ပ)**

စက်မှုဇုန်များ ဖွံ့ဖြိုးရေးထိရောက်စွာဆောင်ရွက်

စက်မှုဇုန်အလိုက် တည်ရှိနေသည့် အတတ်ပညာစွမ်းအားနှင့် ငွေကြေးအင်အားတို့အပေါ်မူတည်၍ စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးလာအောင် လက်တွေ့ကျကျ အားပေးသွားနိုင်ကြရမည်။

ထို့ကြောင့် လက်တွေ့လုပ်ငန်း လိုအပ်ချက်များအရ ပြောင်းလဲဖွဲ့စည်းတာဝန်ပေးထားသည့် ဆပ်ကော်မတီများသည် စက်မှုဇုန်များ၏ လက်တွေ့ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးရေးကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်။

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၇။ အကပဒေသာ
- ၈၂၀း ၈။ ဗိုလ်မြတ်ထွန်းတံတား
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use.
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒအထူးပြုများ) (ရူပဗေဒ)
- ၁၇း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၂၅ ၇။ တေးဂီတအစီအစဉ်
- ၁၇း၄၀ ၈။ **"ချစ်သောရေ ချစ်သောမြေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇း၄၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၁၈း၀၀ ၁၀။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၈း၁၀ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈း၂၀ ၁၂။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ" (အပိုင်း-၃)**
- ၁၉း၃၀ ၁၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ "တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ချင်းဌာနေမှာ"
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"ရှေးရေစက်နှင့်ရွှေဖူးစာ"** ဝေဠုကျော်၊မေသဥ္ဇာဦး၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-မောင်နီလွင်၊ သပြု)(အပိုင်း-၁)

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄း၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် To the virging to make much of time by rovent hernich. (တတိယနှစ်-အင်္ဂလိပ်စာ)
- ၅း၃၅ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၁၉)
- ၆း၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၇)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြန်မာ့ရှုခင်း
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၂)
- ၂၄။ သင့်အတွက် မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား

စိုက်ပျိုးရေအတွက် ကြောင့်ကြစရာမလို ရာသီမရွေးစိုက်ပျိုးနိုင်ပြီ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ရော်ဘာနှင့်ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုး

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာရှိ ဘားကပ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ကျေးရွာဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ စစ်တောင်းတံတားသို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး စစ်တောင်းတံတားမှ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒေသခံပြည်သူများက မိမိတို့ဆန္ဒအရ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်နေသည်ကို နိုင်ငံတော်ကပံ့ပိုးကူညီပြီး ဖောက်လုပ်လျက်ရှိသည့် စစ်တောင်းတံတားအနီး အရှည်၁၁မိုင်ရှိ နတ်စင်-ဇီးပြောင်း-ကညင်အိုင်-သုံးခွ-ကျောက်ရေတွင်း- ဝင်းကံကျေးရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာရှိ မွန်ပြည်နယ် နယ်စပ်ကျုံပကူးချောင်းသို့ရောက်ရှိပြီး ကျုံပကူးချောင်းကူး တံတားတည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဝိုင်းဝန်းပါဝင်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းများ လျှင်မြန်စွာ ပေါ်ပေါက်လာပါက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ကျေးလက်ဒေသနေ ပြည်သူများ ၇၀ ရာခိုင်နှုန်းရှိရာ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ဒေသခံပြည်သူများကဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် အရှည် ၃၈ မိုင်ရှိ ဖောက်လုပ်ဆဲ ဝင်းကံ-ကဇိုင်း-ဘီးလင်းလမ်းအတိုင်း လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်တိုင်ကြီး ကျေးရွာအနီးရှိ ဝက်ဝံချောင်းသို့ ရောက်ရှိကာ ဝက်ဝံချောင်းကူး တံတား တည်ဆောက်ရေးအတွက်ကြည့်ရှုစစ်ဆေးပြီးဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား၍ ဆက်လက်ထွက်ခွာလာရာဘီးလင်းမြို့သို့ရောက်ရှိကြသည်။

ထို့နောက် ဘီးလင်းမြို့မှ အရှည် ၂၆ မိုင်ရှိ ဒေါက်ရပ်-စီယော်-ကြာပန်းလမ်းအတိုင်း လမ်းဖောက်လုပ်နေမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီးနောက် ဘီးလင်းမြို့နယ် အဝင်းကြီးကျေးရွာ အနီးရှိ Max Myanmar Co., Ltd. ၏ ဘီးလင်းရော်ဘာစိုက်ပျိုးရေးစီမံကိန်း ယာယီရှင်းလင်းဆောင်၌ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာကို သတ်မှတ် လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးရေး၊ ဆက်လက်တိုးချဲ့ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သထုံ-ဘားအံလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဘားအံမြို့နယ် ဘားကပ်ကျေးရွာရှိ ဘားကပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား စီမံကိန်းရှင်းလင်း ဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနဘားအံခရိုင်လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးလွင်က ရေပေးမြောင်းများဖောက်လုပ်ပြီးစီးမှု၊ မော်တာနှင့် ရေတင်စက်များတပ်ဆင်ပြီးစီးမှု၊ ရေဖြန့်ဝေပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စိုက်ပျိုးရေ အပြည့်အဝပေးစေရေး၊ စက်ကိရိယာများ ကြံ့ခိုင်ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရေးမှာကြားသည်။

စိုက်ပျိုးရေပေးဝေ

အဆိုပါ ဘားကပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပင်မမြောင်းအရှည် ပေ ၁၈၀၀၊ လက်ယာ မြောင်းအရှည် ပေ၉၈၀၀၊ လက်ဝဲမြောင်းအရှည်ပေ ၆၀၀၀ တူးဖော်ပြီးစီးပြီး လက်တံမြောင်း ခုနစ်ခုရှိမြောင်း အရှည်ပေ ၂၃၀၀၀ အနက်ပေ ၇၄၉၀ တူးဖော်ပြီးစီးပြီဖြစ်သည်။ ယခုအခါ 50 KV Hongwel မော်တာနှစ်လုံး၊ 9 Cuses Boshan Pump နှစ်လုံးတို့ဖြင့် ရေစတင်ပေးဝေနေပြီဖြစ်ပြီး ဘားကပ်နှင့် ရသေ့ပုံကျေးရွာ အုပ်စုများရှိ လယ်မြေဧက ၂၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒေသခံတောင်သူများအား ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက်ပြီးစီးပြီ ဖြစ်သောကြောင့် စိုက်ပျိုးရေအတွက် စိုးရိမ်ကြောင့်ကြရန်မလိုဘဲ ရာသီမရွေး စိုက်ပျိုး နိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် သီးနှံများစောစော စိုက်ပျိုးပြီး စောစောထွက်ရှိအောင်၊ များများထွက်အောင် စိုက်ပျိုးကြစေလိုကြောင်း၊ နှစ်သီးစားမှသုံးသီးစား အထိ တိုးချဲ့စိုက်ပျိုးသွားပြီး ကျန်ရှိသည့် မြေလွတ်နှင့်ကန်သင်းပေါင်များတွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုးပြီး အပိုဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၂၅)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ၈ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စု အထက်တန်းကျောင်း ကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ရန်ကုန်မြို့ မရမ်းကုန်း ရှစ်မိုင်မှ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ်၂၄-ဒီရှိ ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဗိုလ်မှူးကြီးဇဟိန်း(ငြိမ်း) ဖုန်း- ၅၅၈၆၉၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၁၆၅၉၊ ဒေါက်တာအေးဖေ ဖုန်း-၆၄၂၁၅၅နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏သားကောင်း မိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲနှင့် အသင်းခွဲနှစ်သင်း တိုးချဲ့ဖွဲ့စည်းရေးအတွက် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင်တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေးတို့၏ ပညာရေး၊ လူမှုရေး၊စီးပွားရေးစသည့် ကဏ္ဍများအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းက အမှတ်(၃) ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်များ၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများ တိုးချဲ့ဖွဲ့စည်းရန်အတွက် ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ အစောင် ၃၅၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား ပေးအပ်သည်။

ဆက်လက်၍ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက သားကောင်းမိခင်နှင့်ကလေး ပြိုင်ပွဲ ဆုပေးပွဲတွင် ကူညီပံ့ပိုးပေးသည့် Gold Power Co., Ltd. အား အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌကကလေးပြိုင်ပွဲမွေးစမှ (၆) လပြိုင်ပွဲပထမဆုရရှိသည့်မောင်စိုးမင်းထွန်း၊ဒုတိယဆုရရှိသည့်မောင်အောင်ကောင်းမြတ်၊ တတိယဆုရရှိသည့် မောင်မျိုးထက်ဇင်နှင့် နှစ်သိမ့်ဆုများ ရရှိကြသည့် မောင်ဉာဏ်နေထွန်းနှင့် မောင်ကောင်းကောင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါက်တာသန်းဦး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများက သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများရရှိကြသည့် မိခင်နှင့် ကလေးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုလက်ဆောင်များပေးအပ် ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပွဲ့တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပွဲ့တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ရက်(စနေနေ့)နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မဟာဝိဇယစေတီတော် အရှေ့မြောက်ထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ပွဲ့တန်ဆာဒေသ နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သို့ပါ၍ အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း၊ ၂၀၀၅ ခုနှစ် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများစာရင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို အောက်ဖော်ပြပါ နာယက ဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ အတွင်းရေးမှူး ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင်ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဦးညွန့်ကြည် ဖုန်း-၅၀၁၇၀၄၊ ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈ နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀ တို့သို့ ဖေဖော်ဝါရီ၁၀ ရက် နောက်ဆုံးထား စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဂုဏ်ရည်ဆရာတော်ဓမ္မခရီး

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယကဆရာတော် သာသနတက္ကသီလဓမ္မာစရိယဒေါက်တာအရှင်ကောဝိဒ အရှင်မြတ်သည် ဖေဖော်ဝါရီ ၄ရက် ည၇နာရီတွင် လက်ပံတန်းမြို့ ရွှေတောင်ကျောင်းဓမ္မသဘင်၊ ၅ရက် ည၇နာရီတွင် ခမုန်ဓမ္မသဘင်၊ ၆ ရက် ည ၇ နာရီတွင် ပုဇွန်တောင် ဘုရားဖြူ ကျောင်းတိုက် ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးရည်သန် ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံး တစ်ခဲနက်ကြိုဆိုထောက်ခံ

✡ ကျောဖုံးမှ

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ တာမွေ၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ဒေါပုံ၊ပုဇွန်တောင်၊ ဗိုလ်တထောင်၊မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊ သာကေတနှင့် သဃ်္ဃန်းကျွန်းမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများနှင့် အလုပ်အဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး များ၊ အမှုဆောင်များနှင့် အသင်း ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ နှင့်အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်း အဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ များ စုစုပေါင်း အင်အား၂၅၀၀ တက်ရောက်ကြသည်။

စနစ်တကျချီတက်နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၇ နာရီတွင် စစ်ကြောင်းမှူး ခရိုင်အလုပ် အမှုဆောင် ဦးကိုကိုလတ် ဦးဆောင်သော အမှတ်(၁) စစ်ကြောင်းသည် ကျောင်းလမ်းနှင့် အမှတ်(၂)လမ်းမကြီး ထိပ်ရှိစုရပ်မှလည်းကောင်း၊စစ်ကြောင်းမှူး ခရိုင်အလုပ်အမှုဆောင် ဦးစိန်မြင့် ဦးဆောင်သော အမှတ်(၂)စစ်ကြောင်းသည် သရက်ပင်ချောင်နှင့် အမှတ်(၂) လမ်းမကြီးထိပ်ရှိ စုရပ်မှလည်းကောင်း အခမ်းအနားကျင်းပသည့် အားကစားကွင်းသို့ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်ဦး (ငြိမ်း)၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာသိမ်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်ခင်ဆွေဦးနှင့် လေးထောင့်ကန်ကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်ထူးတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်စုစုလှိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒဂုံမြို့သစ် (မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာနွယ်တို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့သည် ကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ် ရက်မြတ်မင်္ဂလာဟု ဆိုရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး တန်ဖိုးထားသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ဖန်တီးမည့် နိုင်ငံသူနိုင်ငံသားများ၏ အသက်တမျှ အရေးပါသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံခြင်းကို ကျင်းပပြုလုပ်နိုင်သည့်အတွက် အလွန်တန်ဖိုးရှိသော နေ့ရက်ဖြစ်သည်ဟု ထပ်မံပြောကြားလိုကြောင်း။

ဥမကွဲသိုက်မပျက်နေထိုင်

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တိုင်းရင်းသား လူမျိုးစု ၁၀၀ကျော် စုပေါင်းနေထိုင်ခဲ့ကြသည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ရှေးအခါကပင် အတူတကွနေထိုင်ခဲ့ကြကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်ခဲ့ကြကြောင်း၊ ၁၉ ရာစုအတွင်းတွင် ဝိသမလောဘသမား ကိုလိုနီနယ်ချဲ့တို့၏ စစ်မက်သုံးကြိမ် ကျူးကျော်တိုက်ခိုက်မှုနှင့် မတရား ကျွန်ပြုစိုးမိုးမှုကို နှစ်ပေါင်း ၁၀၀ကျော် ခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားများသည် ရရာလက်နက်ကို စွဲကိုင်ပြီး တော်လှန်ခဲ့ကြကြောင်း၊ အမိမြေကို ကျူးကျော် တိုက်ခိုက်လာသူများအား သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ကိုလိုနီနယ်ချဲ့တို့သည် နည်းမျိုးစုံနှင့်သွေးခွဲခဲ့ကြသော်လည်း တိုင်းရင်းသားများအနေဖြင့် အရေးကြီးလျှင်သွေးစည်းခဲ့ကြကြောင်း၊ ဇာတိသွေးဇာတိမာန်စိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြကြောင်း၊ အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်သွေးခွဲနေသည့်ကြားက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး လွတ်လပ်ရေးကို တောင်းဆိုခဲ့ကြကြောင်း၊ ရှမ်းပြည်နယ် လွယ်လင်ခရိုင် ပင်လုံဒေသတွင် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်၌ တိုင်းရင်းသားကိုယ်စားလှယ်များတက်ရောက်သည့် ညီလာခံကြီး ကျင်းပနိုင်ခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ကြောင်း။

တန်ဖိုးထားလေးစား

ထို့ကြောင့် ဖေဖော်ဝါရီ ၁၂ရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၅၈နှစ်ပင် ရှိခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ သွေးစည်းညီညွတ်မှု၊ စည်းလုံးမှုကို ပြဆိုခဲ့သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုသားတိုင်းက ဂုဏ်ပြု တန်ဖိုးထား လေးစားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေးထောင့်ကန်ကျေးရွာ အားကစားကွင်း၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်စုစုလှိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာနွယ်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

စွမ်းစွမ်းတမံထမ်းဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ကြိုးပမ်း အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း နေ့မအား ညမနား စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိကြောင်း။

နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရေးအတွက် အသက်တမျှ အရေးအကြီးဆုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးပင်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး၊ အခြေခံဥပဒေပေါ်ပေါက်ရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ဤမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ယာယီရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင် ၉ရက်အထိပြန်လည်ကျင်းပခဲ့ကြောင်း။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်ကျေးရွာ အားကစားကွင်း၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအားတွေ့ရစဉ်။ (သတင်းစဉ်)

ယခုလာမည့် ဖေဖော်ဝါရီ၇ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း၊အမျိုးသားညီလာခံကြီးသည် နိုင်ငံတော် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် ပထမခြေလှမ်း ဖြစ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် အဆုံးအဖြတ်ပေးမည်လည်း ဖြစ်ကြောင်း။

ပါဝင်ဆွေးနွေး

အမျိုးသား ညီလာခံကြီး သည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစုများအစုံအညီ၊ အလွှာစုံတက်ရောက်သော ညီလာခံကြီးလည်းဖြစ်ကြောင်း၊ အစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ ထို့ကြောင့် အမျိုးသားရေးကံကြမ္မာကို အမျိုးသားအင်အားစုများက ဆုံးဖြတ် ဆောင်ရွက်ရမည့် အမျိုးသားညီလာခံကြီးအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်မှ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ရည်သန်ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ကြိုဆိုထောက်ခံကြရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော် အစိုးရသည် တလုံးတစည်းတည်းသောပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး မူဝါဒများကို ဦးထိပ်ပန်ဆင်ပြီး အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဦးတည်ချက် ၁၂ရပ်ကို ချမှတ်ကာ အစီအစဉ်တကျ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းရင်းသားအားလုံးကလည်းပူးပေါင်းပါဝင်ဆောင်ရွက်သဖြင့် ယနေ့ အခြေအနေတွင် ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ပြည်သူများနှင့်အတူ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်နေခြင်းသည် ပြည်သူများ လိုလားတောင့်တလျက်ရှိသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက်ပင်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

မိမိတို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းတွင် မြို့နယ်ပေါင်း၁၄ မြို့နယ်ရှိကြောင်း၊ မြို့နယ်တိုင်းမှာ ရှိသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းများအနေဖြင့် ပြည်သူအကျိုးပြု လုပ်ငန်းများဖြစ်သည့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပြည်သူများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် ကျေးလက်လမ်းပေါင်း ၈၂ လမ်း၊ ၅၂၁၆၆ ပေမှ တန်ဖိုး ၂၄၈၅သိန်း၊ ရေတွင်း ရေကန် ရေပိုက်သွယ်တန်းခြင်း၊ ရေတုံကင်းများတပ်ဆင်ပေးခြင်းတို့အတွက် ၇၆၈ သိန်း၊ ပညာရေးကဏ္ဍတွင် Multimedia ဖွင့်လှစ်ခြင်း အပါအဝင် ကျောင်းသုံးပရိဘောဂများ လှူဒါန်းခြင်း၊ ကျောင်းအဆောက်အအုံများ ပြင်ဆင်ခြင်းတို့အတွက် ကျပ်သိန်း ၉၀ ဒသမ ၇၇ ထိ ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ဆေးဖျန်းခြင်းကို ခရိုင်အတွင်း နေရာပေါင်း ၁၇၂ နေရာတွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှေ့ဆက်လက်၍လည်း ကဏ္ဍအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပသည့် အခါသမယလည်းဖြစ်၊ မိမိတို့ မျှော်မှန်းချက် ပေါက်မြောက် အောင်မြင်ရန် အရေးကြီးလှသော အမျိုးသားညီလာခံကြီး ကျင်းပသည့်လ ဖြစ်ခြင်းတို့အတွက် ယခုလိုအချိန်တွင် မိမိတို့ တစ်တွေစုပေါင်းပြီး ပြည်ထောင်စုနေ့ကြီးကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်ခြင်းနှင့်အတူ ဆက်လက်ပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အနေဖြင့် ယနေ့နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စေရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုလတ်က တင်ပြရာတွင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်တော့မည့် ပြည်ထောင်စုနေ့ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှုကို စဉ်ဆက်မပြတ် လမ်းပြဖော်ဆောင်ခဲ့သည်မှာ (၅၈)နှစ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

၁၉ရာစုနှစ်များအတွင်းက ခေတ်မီလက်နက်အားကိုးဖြင့် နယ်ချဲ့ဝါဒီတို့က ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း နယ်ချဲ့လက်အောက်ကိုကျရောက်ခဲ့ရကြောင်း၊ မြန်မာတိုင်းရင်းသားများ၏ သူ့ကျွန်မခံလိုစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးလာသော အန္တရာယ်များကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန် ဖယ်ရှားလိုသည့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် တိုင်းရင်းသား အားလုံးတို့သည် လွတ်လပ်ရေးရပြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပါကြောင်း၊ ဆုံးရှုံးသွားသည့် အချုပ်အခြာ အာဏာကိုလည်း ပြန်လည်ရရှိခဲ့ပါကြောင်း၊ ထို့အပြင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရရှိလာခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့ကြီးသည် ဂုဏ်ထူးဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေပြီး ပြည်ထောင်စုနေ့ကြီးကို နိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ပြီး တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်း အားထုတ်မှုများကို ဂုဏ်ပြုခဲ့ပါကြောင်း။

ယခုလာမည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ကိုလည်း နိုင်ငံတော်အစိုးရက အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ

- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံးစောင့်ထိန်းကာကွယ်ရေး**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စု**

စာမျက်နှာ ၁၁ ကော်လံ ၁

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ကရင်ပြည်နယ်

သီဟအောင်

ကရင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ကျယ်ဝန်းသည်။ ကရင်၊ ပအိုးဝ်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၁၆၅၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၄၅ ဦး ဖြစ်သည်။

လွင်ပြင်၊ တောင်တန်းနှင့်တောများ ဆက်စပ်နေသော ပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဘက်ပိုင်းတွင် တောင်တန်းများသည် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေကာ ပြည်နယ်အနောက်ဘက်ပိုင်းတွင် မြေနိမ့်လွင်ပြင်များ တည်ရှိသည်။ ပြည်နယ်အတွင်း၌ သံလွင်၊ သောင်းရင်း၊ အတ္တရံ၊ ဂျိုင်းမြစ် စသည့် မြစ်ကြီးများ စီးဆင်းလျက်ရှိသည်။

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့၌ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် သံလွင်တံတား(ဘားအံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့စဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“ငွေကြေး အမြောက်အမြား အကုန်အကျခံ၍ သံလွင်တံတား(ဘားအံ)ကို တည်ဆောက်ပေးရခြင်းမှာ စီးပွားရေးအကျိုးအမြတ်အရမဟုတ်ဘဲ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရမည်၊ သောင်းကျန်းသူ ဒဏ်အပါအဝင် ဒုက္ခအမျိုးမျိုး ခံစားနေရသည့် ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများ တိုးတက်လာစေရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း”

စေတနာရှေးရှု၍ မြွက်ကြားမှုပြုခဲ့ပေသည်။

တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို ဖောက်ချဆောင်ရွက်ပေးလိုသည်မှာ တပ်မတော်အစိုးရ၏ စေတနာအာသီသပင်ဖြစ်သည်။ သယံဇာတအရင်းအမြစ် ကြွယ်ဝပြီး တိုင်းရင်းသားပြည်သူများ၏ အရည်အသွေးမြင့်မားပါလျက် စည်းလုံးညီညွတ်မှု လျော့ပါးခဲ့၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် သမိုင်း၏ဆိုးမွေကို မျက်မှောက်ခေတ်၌ တည်ဆောက်ရေး စွမ်းအားဖြင့် ချေဖျက်ကျော်လွှားနိုင်လျက်ရှိသည်။

ဤသို့ဖြင့် ကရင်ပြည်နယ်သည် နိုင်ငံတော်၏ စေတနာပန်းများ ပွင့်လန်းရာမြေ သွေးချင်းတို့ ဌာနေတစ်ခုအဖြစ် ညီနောင်ပြည်နယ်/တိုင်းများနှင့်အတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ရာ ၁၉၈၈ ခုနှစ်ကာလနှင့် တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်ကြည့်ရှုမျက်မှောက်ပြုနိုင်ရန် တင်ပြအပ်ပေသည်။

စိုက်ပျိုးရေး

ကရင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသည်နှင့်အမျှ နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၊ ပြည်နယ်သူပြည်နယ်သားတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် စိုက်ပျိုးရေးစွမ်းအား တိုးတက်မြင့်မားလာခဲ့သည်။ မြစ်ရေတင်လုပ်ငန်း ငါးခု၊ ဆည်တမံလုပ်ငန်းတစ်ခုနှင့် ချောင်းမြောင်းတမံပိတ်ဆို့မှုလုပ်ငန်းများဖြင့် စိုက်ပျိုးရေ ပိုမိုရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ကရင်ပြည်နယ်၌ အကျိုးပြုဧရိယာ ၆၀၀၀၀ ကျော်တိုးကာ သီးထပ်ဧရိယာ ၈၀၀၀၀ ကျော် ဖြစ်ထွန်းလာသည်။

ဤသို့ဖြင့် ယခင်ခေတ်ကာလက မရှိခဲ့ဖူးသော နွေစပါးစိုက်ပျိုးမှု ထွန်းကားခဲ့ပြီး ဧက တစ်သိန်းနှစ်သောင်းနီးပါး စိုက်ပျိုးနိုင်လျက်ရှိနေသည်။ စပါးစိုက်ပျိုးထုတ်လုပ်မှု ယခင်ကထက် နှစ်ဆတက်လာသဖြင့် ကရင်ပြည်နယ်၏ ဒေသဝမ်းစာစပါး ဖူလုံပိုလျှံလာခဲ့သည်။

ကရင်ပြည်နယ်၏ စပါးအထွက် အားတက်ဖွယ်ကောင်းနေသကဲ့သို့ ပဲမျိုးစုံစိုက်ဧက၊ ဆီထွက်သီးနှံစိုက်ဧက၊ ရော်ဘာစိုက်ဧကနှင့် ကော်ဖီ စိုက်ဧကများပါ ယခင်နှင့်မတူ တစ်မူခြားနားစွာ ပြောင်းလဲတိုးတက်နေကြောင်းကို အောက်ပါ နှိုင်းယှဉ်ချက်ဇယားက သက်သေခံလျက်ရှိသည်–

တစ်ဧကအထွက်နှုန်း–တင်း

စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၆၆၆၁၉၄	၇၂၆၆၆၂	၆၀၄၆၈
– မြေလွတ်မြေရိုင်းဧက	၃၇၀၉၂၄	၂၃၂၉၆၄	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၂၂	၂၃	၁
– မြစ်ရေတင်လုပ်ငန်း	မရှိ	၅	၅
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၃၄၈	၃၄၈
– စုစုပေါင်းအကျိုးပြုဧရိယာ	၃၄၂၀၂	၉၅၂၀၅	၆၁၀၀၃
သီးထပ်ဧကဖြစ်ထွန်းမှု	၁၉၅၃၇	၁၀၀၄၆၉	၈၀၉၃၂
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၃၈၃၀၆၉	၄၃၁၂၁၁	၄၈၁၄၂
– တစ်ဧကအထွက်နှုန်း*	၄၂.၉၇	၅၄.၆၁	၁၁.၆၄
– နွေစပါးစိုက်ဧက	မရှိ	၁၁၉၂၄၀	၁၁၉၂၄၀
– တစ်ဧကအထွက်နှုန်း*	မရှိ	၇၀.၀၀	၇၀.၀၀
– စုစုပေါင်းထုတ်လုပ်မှု	၁၆၀၁၉	၃၁၂၈၄	၁၅၂၆၅
– ဒေသဝမ်းစာဖူလုံမှု	**–**	**၁၁၉ %**	**၁၁၉ %**
ပဲမျိုးစုံစိုက်ဧက	၇၈၀၉	၆၆၄၅၆	၅၈၆၄၇
ကြံစိုက်ဧက	၂၉၂၃	၇၄၅၉	၄၅၃၆
အစေ့ထုတ်ပြောင်းစိုက်ဧက	၄၄	၆၀၈၅	၆၀၄၁
ရော်ဘာစိုက်ဧက	၉၅၁၀	၄၁၉၁၁	၃၂၄၀၁
လက်ဖက်စိုက်ဧက	၆၇၀	၉၁၈	၂၄၈
ငရုတ်ကောင်းစိုက်ဧက	၃၅၂	၂၂၈၂	၁၉၃၀
ကော်ဖီစိုက်ဧက	၂၅၀၄	၆၉၂၃	၄၄၁၉
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၁၆၄၁၁	၂၅၁၇၂	၈၇၆၁
– နှမ်း	၈၈၆၇	၂၀၅၆၅	၁၁၆၉၈
– နေကြာ	၂၅၇	၆၉၂	၄၃၅

မွေးမြူရေးနှင့်ရေလုပ်ငန်း

နိုင်ငံတော်က ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကဏ္ဍပါ ယှဉ်တွဲတိုးတက်အောင် အားပေးကူညီခဲ့သည်။ ၁၉၈၈ခုနှစ်က ပြည်နယ်၏ တိရစ္ဆာန်မွေးမြူမှုမှာ ကောင်ရေ၁၄၁၃၀၀၀ သာ ရှိခဲ့ရာမှ နှစ်ဆနီးပါးတိုးတက်ကာ ယခု ကောင်ရေ ၂၆၆၄၀၀၀ မွေးမြူထားသည်။

ယနေ့ခေတ်၌ စပါးနှင့်ငါးတွဲဖက်စိုက်ပျိုးမှုကို အားပြုလုပ်ဆောင်စေခဲ့ရာ စပါးဧက ၂၄၀ တွင် ငါးသားပေါက် ကောင်ရေ ၁၂၀၀၀၀ စိုက်ထည့်မွေးမြူ ဟင်းစားဖူလုံစေခဲ့သည်။ ၁၉၈၈ခုနှစ်က ငါးမွေးမြူရေးကန်ဧက ၉၅ ဒသမ ၉၅ ရှိခဲ့ရာမှ ယခု သုံးဆခန့် တိုးလာပြီး ၂၇၄ ဒသမ ၀၉ ဧက ရှိလာခဲ့သည်။ ထို့ပြင် ပုစွန်မွေးမြူရေး စတင်ဆောင်ရွက်စေခဲ့ရာ ပုစွန်မွေးရေပြင်ဧက၈၀ ဖြစ်ထွန်းလျက်ရှိသည်။

သစ်တောပြုစုပျိုးထောင်မှု

ကရင်ပြည်နယ်၏ သစ်တောများကိုလည်း ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးနေသည်။ ကြိုးဝိုင်းတောနှင့် သဘာဝနယ်မြေဧရိယာ တည်တံ့နေပြီး ကြိုးပြင်ကာကွယ်တော တိုးချဲ့နိုင်ခဲ့သည်။ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်း ပါဝင်မှု အားကောင်းသည်နှင့်အညီ ပျိုးပင်ပေါင်း ခြောက်သိန်းကျော်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည်။ ကျေးလက်ပြည်သူများအတွက် ကျေးရွာသုံးစိုက်ခင်းနှင့် စီးပွားရေးစိုက်ခင်းများ တိုးမြှင့်ထူထောင်ပေးနိုင်ပြီး ရေဝေရေလဲစိုက်ခင်း ထူထောင်မှုဖြင့် မြစ်ချောင်း ဆည်တမံများ၏ ရေစီးရေလာကိုပါ ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း တစ်ဖက်ပါဇယားကို ကြည့်လျှင် သိရှိနိုင်ပေသည်။

*** စတုရန်းမိုင်**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၁၆၃၅	၁၆၃၅	–
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၅၇၈	၁၅၇၈
သဘာဝနယ်မြေဧရိယာ*	၁၁၅.၄၈	၁၁၅.၄၈	–
သစ်တောစိုက်ခင်းထူတောင်ခြင်း	**၄၀၀**	**၇၄၄၀**	**၇၀၄၀**
– စီးပွားရေးစိုက်ခင်း ဧက	၄၀၀	၅၄၃၂	၅၀၃၂
– ကျေးရွာသုံးစိုက်ခင်း ဧက	မရှိ	၇၂၃	၇၂၃
– ရေဝေရေလဲစိုက်ခင်း ဧက	မရှိ	၁၂၈၅	၁၂၈၅
– သစ်ဆိမ့်ပင်စိုက်ခင်း ဧက	မရှိ	၄၅၀	၄၅၀

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး

နိုင်ငံတော်က ကရင်ပြည်နယ်၏ လမ်းတံတား အင်အားကိုလည်း နိုင်ငံ့အင်အားအဖြစ် တိုးမြှင့်ဖော်ဆောင်ပေး လျက်ရှိသည်။ ယခင်က ကရင်ပြည်နယ်တွင် သံလွင်မြစ်ကို ကူးတို့ဖြင့် ဖြတ်ကူးခဲ့ရသည်။ ၁၉၉၅ ခုနှစ်မှစပြီး ကရင်ပြည်နယ်၌ အထူးစီမံကိန်းဝင် တံတားကြီးသုံးစင်းနှင့် ပေ(၁၈၀)အထက် တံတားကြီးနှစ်စင်း စုစုပေါင်းတံတားကြီး ငါးစင်း တိုးတက်ဖြစ်ထွန်းလာသည်။

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ရက်၌ ၂၂၅၂ ပေရှည်သည့် သံလွင်မြစ်ကူး သံလွင်တံတား(ဘားအံ)ကို တည်ဆောက် ဖွင့်လှစ်ခဲ့ပြီး မရှေးမနှောင်းမှာပင် ဘားအံမြို့နယ်၌ အရှည်ပေ ၂၉၀၀ ရှိသည့် ဂျိုင်းမြစ်ကူး ဂျိုင်း(ဇာသပြင်)တံတားနှင့် ကော့ကရိတ်မြို့နယ်တွင် အရှည်ပေ ၁၂၀၀ ရှိ ဂျိုင်းမြစ်ကူး ဂျိုင်း(ကော့ကရိတ်)တံတားတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

တံတားများ တည်ဆောက်ပေးခဲ့သည့်နည်းတူ မုဒုံ–မြဝတီလမ်း၊ သထုံ–မြိုင်ကလေး–ဘားကပ်–ဘားအံလမ်း၊ သထုံ–မြိုင်ကလေး–ကော့ကရိတ်လမ်း၊ ဇာသပြင်–အိန္ဒူ–ဘားအံလမ်း၊ ဘားအံ–ကော့ကရိတ်–မြဝတီလမ်း၊ သံတောင်ကြီး–သံတောင်လမ်း စသည်တို့ကိုလည်း တိုးချဲ့မြှင့်တင် ဖောက်လုပ်ပေးခဲ့သည်။ ဤသို့ဖြင့် ကတ္တရာလမ်း ၁၃၈ မိုင်အပါအဝင် လမ်းမိုင်ပေါင်း ၂၁၆ မိုင်ကျော် တိုးပွားလာသည်။

ထို့အတူ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် သထုံ–မြိုင်ကလေးရထားလမ်းပေါ်တွင် ရထားရောကားပါ ဖြတ်သန်းနိုင်သည့် အရှည်ပေ ၆၀၀ ရှိသော ဒုံသမိတံတားကိုလည်း ၂၀၀၂ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ နိုင်ငံဖြတ်ကျော်ကုန်စည်လမ်းမကြီးများနှင့် မဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီးများကို အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဖောက်လုပ်သွားမည်ဖြစ်ရာ ကရင်ပြည်နယ်မှ မြဝတီ–ကော့ကရိတ်–လှိုင်ကွက်–ဝင်းက–မဲသရော–မုဒုံလမ်းပိုင်း၊ မြဝတီ–ကော့ကရိတ်–ဘားအံ–သထုံ လမ်းပိုင်းများ အကျုံးဝင်လျက်ရှိနေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကားလမ်းမိုင်	**၅၅၄/၀**	**၇၇၀/၆**	**၂၁၆/၆**
တံတား			
– ပေ(၁၈၀)အထက်	၈	၁၃	၅
– ပေ(၁၈၀)အောက်	၁၁၇	၂၆၃	၁၄၆
ရထားပို့ဆောင်ရေး			
– လမ်းခရီးမိုင်	၁၆.၀၀	၁၆.၀၀	–
– သံလမ်းမိုင်	၁၆.၇၅	၁၆.၇၅	–
– ကုန်တန်ချိန်	မရှိ	၉၂၇၀၀	၉၂၇၀၀
– ကုန်တန်မိုင်	မရှိ	၁၄၅၈၄.၆	၁၄၅၈၄.၆
– ဘူတာရုံ	၆	၆	–

ဤသို့ဖြင့် ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍသည် ၁၉၈၈ခုနှစ် အခြေအနေနှင့် မတူဘဲ မျက်မှောက်ခေတ်၌ အခြေခံကောင်းများဖြစ်ထွန်းပြီး အလားအလာကောင်းများစွာ ရှိနေကြောင်းကို တစ်ဖက်ပါဖွံ့ဖြိုး တိုးတက်မှု နှိုင်းယှဉ်ချက်ဇယားက ဖော်ပြလျက်ရှိသည်–

ဆက်သွယ်ရေး

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အားပေးမြှင့်တင်မှုနှင့်အတူ ကရင်ပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဖော်ဆောင်ပေးနေသည်။ တစ်ဖက်ပါဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားကို ကြည့်လျှင် ကရင်ပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍ အနေအထားကို ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်သည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၂၇	၃၃	၆
ကြေးနန်းရုံး	၇	၁၃	၆
ဖက်စ်စီမီလီ	၁	၂၂	၂၁
ကွန်ပျူတာကြေးနန်း	မရှိ	၁	၁
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၅	၂၄	၁၉
– လိုင်းအင်အား	၇၆၄	၃၇၉၁	၃၀၂၇
– အိတ်ချိန်း	၅	၂၀	၁၅
– တိုက်ရိုက်လိုင်း	၆၄၃	၃၄၆၀	၂၈၁၇
– အော်တို/လက်သုံးတယ်လီဖုန်း	၆၄၃	၃၂၃၁	၂၅၈၈
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၂၂၉	၂၂၉
– တယ်လီဖုန်းသိပ်သည်းဆ*	၀.၆၅	၂.၂၀	၁.၅၅
မိုက္ကရိုဝေ့ဖ်စခန်း	၁	၇	၆
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၄	၄
အီးမေးလ်၊အင်တာနက်	မရှိ	၁	၁
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– DOMSAT	မရှိ	၁	၁
– VSAT	မရှိ	၁	၁
– iPSTAR	မရှိ	၁	၁

*** (လူ၁၀၀၀လျှင်)**

လျှပ်စစ်စွမ်းအား

ပြည်ထောင်စု တစ်ဝန်းရှိ သဘာဝ သယံဇာတများနှင့် ရေခံမြေခံ အခြေခံကောင်းများကို ထိထိရောက်ရောက် ထုတ်ယူအသုံးချ၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး သားစဉ်မြေးဆက် လက်ဆင့်ကမ်း သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်က ကဏ္ဍစုံဘက်စုံ တီထွင်ကြံဆ ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်တွင် ၁၉၈၈ခုနှစ် မတိုင်မီက ၀ဒသမ၁၆၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စက်ရုံတစ်ရုံသာ ဖာပွန်တွင်ရှိခဲ့သည်။ ပြည်နယ်သူ၊ပြည်နယ်သားများသည် ထိုခေတ်ကဓာတ်အားယူနစ် ၁၀သန်းခန့်သာ သုံးစွဲခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် ဒီဇယ်ဆီသုံးစက်ရုံ ၁၀ ရုံ တိုးမြှင့်တည်ဆောက်ပေးခဲ့ပြီး မဟာဓာတ်အားလိုင်းဖြင့်လည်း ဖြည့်ဆည်းပေးခဲ့သဖြင့် ကရင်ပြည်နယ်၏ ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၁၈၀နီးပါး တိုးတက်လာသည်။

ယင်းသည် ဖွံ့ဖြိုးတိုးတက်မှု၏ အဆင့်တစ်ဆင့်သာ ရှိနေသေးသည်။ နိုင်ငံတော်က ကရင်ပြည်နယ်၏ လျှပ်စစ်စွမ်းအားကဏ္ဍထုတ်လုပ်မှု မြင့်မားရေးနှင့် သုံးစွဲနိုင်မှုပမာဏ အဆများစွာတိုးတက်ရေးအတွက် အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးနှစ်ခု အကောင်အထည်ဖော်လျက်ရှိသည်။ ၂၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ဒယိုင်းချောင်း(ပိုင်ကျုံ) ရေအား လျှပ်စစ်စီမံကိန်းနှင့် ပထမအဆင့်တွင် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်ပေးပြီး ဒုတိယအဆင့်တွင် မဂ္ဂါဝပ် ၂၀၀ ထပ်မံထုတ်ယူရရှိမည့် ဟတ်ကြီးရေအားလျှပ်စစ် စီမံကိန်းနှစ်ခု တည်ဆောက်ပြီးလျှင် ကရင်ပြည်နယ်၏ လျှပ်စစ်စွမ်းအားသည် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း မြင့်မားတိုးတက်လာမည်ဖြစ်သည်–

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

၁၉၈၈ ခုနှစ်နောက်ပိုင်း

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၁၅)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု



ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းပွင့်လန်းစေသည့် ဘိလပ်မြေစက်ရုံ(ဘားအံ)ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဘားအံတက္ကသိုလ်

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် ဘားအံမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ဘားအံတက္ကသိုလ် ပင်မဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သံလွင်မြစ်ကူးတံတား (ဘားအံ)

ကရင်ပြည်နယ် မြိုင်ကလေးမြို့မှ ဘားအံမြို့သို့ ဆက်သွယ်သွားလာနိုင်ရန် သံလွင်မြစ်အား ဖြတ်ကျော် တည်ဆောက်ပေးထားသော သံလွင်မြစ်ကူးတံတား (ဘားအံ)ကို ၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

ဓာတ်အားသုံးစွဲမှု-ယူနစ်(သန်း)
*** မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၁၀.၂၇၄	၁၇၈.၈၈၂	၁၆၈.၆၀၈
အမြင့်ဆုံးဝန်အား*	၆.၅၀၀	၃၃.၀၀၀	၂၆.၅၀၀
ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
- ရေအားလျှပ်စစ်စက်ရုံ	၁	၁	-
- တည်ဆောက်ဆဲစီမံကိန်း	မရှိ	၂	၂
- ဒီဇယ်ဆီသုံးစက်ရုံ	၂၄	၃၄	၁၀
လက်ရှိစက်တပ်ဆင်အင်အား*	**၁.၉၉၉**	**၂.၆၅၈**	**၀.၆၅၉**
ရှိလာမည့်စက်တပ်ဆင်အင်အား*	**၁.၉၉၉**	**၆၂၇.၆၅၈**	**၆၂၅.၆၅၉**

စက်မှုလက်မှု

လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ၌ အလားအလာကောင်းများ ဖော်ဆောင်မြှင့်တင်ပေးထားသည့်နည်းတူ ကရင်ပြည်နယ်၏ စက်မှုလက်မှုကဏ္ဍ ပိုမိုပွင့်လန်းတိုးတက်စေရန် ဖြည့်ဆည်းပေးနေသည်။ ပြည်နယ်အတွင်း ၁၉၉၈ ခုနှစ်က ပုဂ္ဂလိကစက်ရုံ (၄၀၉)ရုံရှိခဲ့ရာမှ ယခု (၄၈၉)ရုံရှိလာသည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပေါင်း ၁၁၀ ရှိနေသည်။ ယခင် နိုင်ငံပိုင်စက်ရုံ ခြောက်ရုံသာရှိခဲ့ရာမှ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းရေးနှင့် နည်းပညာဖြန့်ဝေနိုင်ရေးအတွက် နောက်ထပ်သုံးရုံ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

သတ္တုနှင့်တွင်းထွက်သယံဇာတ

ကရင်ပြည်နယ်တွင် ယခင်က သတ္တုနှင့်တွင်းထွက်သယံဇာတစီးပွားဖြစ်ထုတ်လုပ်နိုင်မှု မရှိခဲ့ပေ။ ယခုအခါ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်လာနိုင်သည်နှင့်အမျှ လုပ်ကွက်နှင့်စခန်းများ ပေါ်ထွက်လာသည်။ ၂၀၀၄-၂၀၀၅ ခုနှစ် တွင် သွပ်သတ္တုရိုင်း မက်ထရစ်တန် ၃၀၀၀၊ ခနောက်စိမ်း မက်ထရစ်တန် ၄၄ တန်၊ စက်မှုသုံး ထုံးကျောက် ၆၁၄၂ ဒသမ ၆၅ မက်ထရစ်တန်၊ သံကျောက် ၁၀၃၉၃၃ ဒသမ ၃၃ မက်ထရစ်တန်နှင့် မီးခံမြေစေး ၃၉၈၄၅ မက်ထရစ်တန် ထုတ်ယူနိုင်ခဲ့သည်။

ပညာရေး

ပြည်နယ်နှင့်တိုင်း အသီးသီးအတွက်လည်းကောင်း၊ ပြည်ထောင်စုတစ်ခုလုံးအတွက်လည်းကောင်း လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးသည် နိုင်ငံတော်၏ ပညာရေး မူဝါဒတစ်ရပ် ဖြစ်သည်။ မိမိပြည်နယ်ကို ရာသက်ပန်ငြိမ်းချမ်းအောင်၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်မျှော်တွေးပြီး ပြန်လည် ကျေးဇူးတုံ့ပြန် မည့် သားကောင်းသမီးမွန်များ အရေအတွက်ရော အရည်အချင်းပါ တိုးပွားမြင့်မားလာအောင် ကရင်ပြည်နယ်တွင်လည်း ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ကြောင့် မျက်မှောက်ခေတ်၌ ကရင်ပြည်နယ်တွင် အခြေခံပညာပျိုးထောင်မှုအဖြစ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၁၄၆ ကျောင်း တိုးတက်လာပြီး ဆရာ၊ဆရာမဦးရေ ၅၀၀၀ ကျော်ရှိကာ ကျောင်းသားဦးရေ နှစ်သိန်းကျော်ရှိလာသည်။ ၁၉၈၈ ခုနှစ်က ကောလိပ် တစ်ခုသာရှိခဲ့ရာမှ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တစ်ခုနှင့် ပညာရေး ကောလိပ်တစ်ခု တိုးတက်လာသည်။ ယခင်က ဒေသတွင်း၌ အဆင့်မြင့်ပညာသင်ယူသူ ကျောင်းသားရာဂဏန်းသာ ရှိခဲ့သော်လည်း ယခုအဆ ၅၀ ကျော် တိုးပွားလာသည်။

ပညာရေး အပေါသိက်ဖြစ်မှုနှုန်းကို သိသိသာသာ လျှော့ချနိုင်ပြီး သူငယ်တန်းကျောင်းဝင်နှုန်းနှင့် သက်ကြီး စာတတ်မြောက်မှုနှုန်း ထူးထူးခြားခြား မြင့်မားလျက်ရှိနေသော ကရင်ပြည်နယ်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများကို အောက်ပါဇယားက ဖော်ပြနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
- ကျောင်းအင်အား	၁၁၄၉	၁၂၉၅	၁၄၆
- မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၄၂	၄၂
- e-Learning Centre	မရှိ	၁၈	၁၈
- ဆရာ၊ဆရာမဦးရေ	၄၁၁၆	၅၆၆၃	၁၅၄၇
- ကျောင်းသားဦးရေ	၁၃၃၇၇၇	၂၁၉၈၁၉	၈၆၀၄၂
- သူငယ်တန်းကျောင်းဝင်နှုန်း	၆၆.၂၈%	၉၆.၁၇%	၂၉.၈၉%
- သက်ကြီးစာတတ်မြောက်မှုနှုန်း	၅၉.၁၅%	၉၅.၈၀%	၃၆.၆၅%
- ပညာရေးအပေါသိက်ဖြစ်မှုနှုန်း			
- မူလတန်းအဆင့်	၃၅.၆%	၁၄.၀၈%	၂၁.၅၂%
- အလယ်တန်းအဆင့်	၄၃.၈၆%	၂၀.၀၆%	၂၃.၈၀%
အဆင့်မြင့်ပညာမြှင့်တင်မှု			
- ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၁	၁
- ကောလိပ်	၁	၁	-
- ပညာရေးကောလိပ်	မရှိ	၁	၁
- e-Learning Centre	မရှိ	၁၉	၁၉
- သင်ကြားရေးအစီအစဉ်များ	၈	၃၉	၃၁
- ဆရာ၊ဆရာမဦးရေ	၄၇	၁၇၃	၁၂၆
- ကျောင်းသားဦးရေ	၁၁၆	၅၆၃၉	၅၅၂၃
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၁**	**၁**

သိပ္ပံနှင့်နည်းပညာ

ကရင်ပြည်နယ်မှ အသိပညာရှင်များ ဆပွားတိုးတက် ပေါ်ထွက်လာအောင် ဖော်ဆောင်ပေးနေသကဲ့သို့ အတတ်ပညာရှင်များလည်း ထွန်းကားပွားများလာအောင် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည်။ ယခုအခါ ပြည်နယ်၏ မြို့တော် ဘားအံတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှင့်အတူ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီ တည်ဆောက် ဖွင့်လှစ်ပေးထားရာ ပညာရှင်လူငယ် ၆၀၀နီးပါး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုလက်ရှိ၌ သိပ္ပံနှင့်နည်းပညာ ဆရာအင်အား ၁၁၆ဦး နီးပါးရှိပြီး ကျောင်းသူကျောင်းသား အင်အား ၆၅၈ ဦး ပညာဆည်းပူးလျက်ရှိသည်။

ကျန်းမာရေး

တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်ပေးမှုသည် ကရင်ပြည်နယ်ကိုလည်း လွှမ်းခြုံပေးထားသည်။ ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပြီး အဆင့်မြှင့်တင်ပေးလျက်ရှိရာ မျက်မှောက်ခေတ်၌ အထူးဒေသဖွံ့ဖြိုးရေး အစီအစဉ်(၂၄)ခုနှင့်အတူ ဘားအံ၌ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး ပေါ်ထွန်းလာသည်။ ၁၉၈၈ ခုနှစ်ကထက် ဆေးရုံကိုးရုံ၊ ကျန်းမာရေးလုပ်ငန်းဌာနရှစ်ခု တိုးပွားလာခဲ့သည်။

အထူးကုဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းအင်အား မြင့်မားလာသည်။ ပြည်နယ်အတွင်း၌ သူနာပြုနှင့် သားဖွားဆရာမများ တိုးပွားလာစေရေးအတွက် ယခင်သားဖွားသင်တန်းကျောင်းအပြင် သူနာပြုသင်တန်းကျောင်း တစ်ကျောင်းကို တိုးချဲ့ဖွင့်လှစ်ပေးထားသည်။ တိုင်းရင်းဆေးရုံတစ်ရုံနှင့်အတူ ဆေးပေးခန်းကိုးခန်းအထိ ရှိလာသည်။

နိုင်ငံတော်က ကရင်ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ အခြေခံကောင်းများ ပိုမိုတိုးတက်အောင် ယခင်ခေတ် ကာလထက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းကို အောက်ပါဇယားက ဖော်ပြနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၁၇	၂၆	၉
ကျန်းမာရေးဌာနများ	၅၀	၅၈	၈
ကျန်းမာရေးဝန်ထမ်းများ	**၄၈၀**	**၈၁၄**	**၃၃၄**
- ဆရာဝန်	၆၃	၁၃၄	၇၁
- သူနာပြု	၉၄	၁၉၉	၁၀၅
- သားဖွားဆရာမ	၂၂၀	၂၈၃	၆၃
- လက်ထောက်ကျန်းမာရေးမှူး	၂၈	၃၈	၁၀
- ကြီးကြပ်(၁)/(၂)	၂၈	၈၈	၆၀
တိုင်းရင်းဆေး			
- တိုင်းရင်းဆေးရုံ	မရှိ	၁	၁
- တိုင်းရင်းဆေးပေးခန်း	၄	၉	၅

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

နိုင်ငံတော်က ကျေးလက်များဖွံ့ဖြိုးမှ မြို့ပြများတိုးတက်မည်၊ မြို့ပြများတိုးတက်မှ ပြည်နယ်စည်ပင်သာယာဝပြောမည်ဟူသော သဘောထားဖြင့် ကရင်ပြည်နယ်အတွင်းရှိ မြို့ရွာများဖွံ့ဖြိုးတိုးတက်အောင် လက်လှမ်းမီသမျှ နေရာဒေသများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ ပြည်နယ်အတွင်း၌ မြို့ပြလမ်းအဖြစ် ကတ္တရာလမ်း မိုင် ၅၀အထိ ရှိလာပြီး မြို့ပြတံတား ၂၃၇ စင်း တည်ဆောက်ပေးထားသည်။

မြို့ခုနစ်မြို့တွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရှိခဲ့ရာ ယခုတစ်မြို့သာကျန်ရှိပြီး မြို့ခြောက်မြို့တွင် ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာပေါင်း ၂၄၈ ရွာတွင် လုပ်ငန်းပေါင်း ၃၉၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ ပိုမိုတိုးပွားအောင် ဆောင်ရွက်ပေးထားသည်။ ယခင်က ကတ္တရာလမ်းမရှိသော ကျေးလက်များတွင် ကျေးလက်လမ်းအဖြစ် ကတ္တရာလမ်း ၆၆ မိုင် အပါအဝင် ယခင်ကထက် လမ်းမိုင် ၁၀၈၄ မိုင် တိုးတက်လာသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

တပ်မတော်အစိုးရလက်ထက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းဖော်ပြလျှင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင်ပါဝင်သည့် ကရင်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အထူးပြုဖော်ပြ ရမည်ဖြစ်သည်။ နိုင်ငံတော်၏ ဖြည့်ဆည်းဆောင်ရွက် ပေးမှုများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ လက်တွဲကြိုးပမ်းမှုဖြင့် သက်ဆိုင်ရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများမှာ ဝမ်းမြောက်ဖွယ်ကောင်းလှသည်။

နိုင်ငံတော်က ကရင်ပြည်နယ်မှ တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ သင်ယူနိုင်မှု အခွင့်အလမ်းများ ဖွင့်ပေးထားသကဲ့သို့ ဘားအံနှင့်မြဝတီတွင် အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း တစ်ကျောင်းစီနှင့် ဘားအံတွင် လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း တစ်ကျောင်းကို ထူထောင်ဖွင့်လှစ်ပေးထားသည်။

အတိတ်မှဆိုးမွေများကို ချေဖျက်လျက် အနာဂတ်အတွက် အသွေးသစ်အမြင်သစ်နှင့် စွမ်းအားအသစ်များ ထွန်းကားတိုးတက်လာရေးအတွက် နိုင်ငံတော်က ကရင်ပြည်နယ်တွင် ဖော်ဆောင်ပေးနေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ၏ အောင်မြင်မှုရလဒ်များကို တစ်ဖက်ပါဇယားက ဖော်ပြနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
လမ်းတံတား			
- မြေလမ်းမိုင်	မရှိ	၁၅၉	၁၅၉
- ကျောက်လမ်းမိုင်	မရှိ	၂၂၉/၂	၂၂၉/၂
- ကတ္တရာလမ်းမိုင်	မရှိ	၃၂/၃	၃၂/၃
- လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၃၅/၀	၃၅/၀
- တံတား(ကြီး/ငယ်)	မရှိ	၁/၁၀၀	၁/၁၀၀
ကျန်းမာရေး			
- ဆေးရုံ/ဆေးပေးခန်း	မရှိ	၁၈	၁၈
ပညာရေး			
- (ထက်/လယ်/မူ)ကျောင်း	မရှိ	၃၃	၃၃
- ဆရာ၊ဆရာမဦးရေ	မရှိ	၂၀၈	၂၀၈
- ကျောင်းသားဦးရေ	မရှိ	၁၀၅၆၇	၁၀၅၆၇
စိုက်ပျိုးရေးရုံး/စခန်း	မရှိ	၆	၆
- ဆည်/တူးမြောင်း	မရှိ	၂	၂
- ရေရရှိရေးလုပ်ငန်း	မရှိ	၁	၁
မွေးမြူရေး			
- တိမွေးကုရုံး	မရှိ	၂	၂
စွမ်းအင်			
- လျှပ်စစ်မီးစက်	မရှိ	၁၈	၁၈
- မီးလင်းသည့်မြို့/ရွာ	မရှိ	၁၅	၁၅
ပြည်သူ့ဆက်ဆံရေး			
- ရုပ်/သံလွှင့်စက်ရုံ	မရှိ	၆	၆
ဆက်သွယ်ရေး			
- စာတိုက်	မရှိ	၁	၁
- ကြေးနန်း	မရှိ	၅	၅
- တယ်လီဖုန်းလုပ်ငန်း	မရှိ	၂	၂
အကုန်အကျခံသုံးစွဲမှု*	**မရှိ**	**၅၆၂၆.၁၃**	**၅၆၂၆.၁၃**
- ဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၂၉၀၇.၁၄	၂၉၀၇.၁၄
- ဝန်ကြီးဌာနများ	မရှိ	၂၇၁၈.၉၉	၂၇၁၈.၉၉

*** ကျပ်(သန်း)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

တပ်မတော်က တိုင်းပြည်တာဝန်ယူထားရသည့် ကာလအတွင်းတွင် အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်း တည်ဆောက်ကြမည်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာရေးနှင့် ဒေသအားလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်နည်းပါးပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေကြောင်း သတင်းကောင်းများကို ပြန်ကြားရေးကဏ္ဍက သယ်ဆောင်ဖြန့်ဝေပေး လျက်ရှိသည်။ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ဦးလည်မသုန်ချီတက်ကြရေးအတွက် ကရင်ပြည်နယ်၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးနေကြောင်း အောက်ပါဇယားက ဖော်ပြနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	မရှိ	၆	၆
- ပြန်/ဆက်ရုံးများ	မရှိ	၁၀	၁၀
- ပြန်/ဆက်စာကြည့်တိုက်	၆	၁၀	၄
- ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၁	၁
- ကျေးလက်စာကြည့်တိုက်	မရှိ	၁၉၆	၁၉၆
- e-Library	မရှိ	၁	၁

တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို ဇောက်ချ ဆောင်ရွက်ပေးလို သည်မှာ တပ်မတော်အစိုးရ၏ စေတနာအာသီသပင် ဖြစ်သည်။

စာမျက်နှာ ၇ မှ

စိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊

- **ပြည်ထောင်စုကြီး ထာဝရ တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ် ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ပင် ဖြစ်ပါကြောင်း။

ပူးပေါင်းလက်တွဲ

ယခုလို ချမှတ်ထားသည့် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရရှိပြီး မိမိတို့နိုင်ငံ၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးသည် ယခုနှစ် ချမှတ်သည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၏ အနှစ်သာရဖြစ်ကြောင်း၊ အထက်ပါ မိမိတင်ပြခဲ့သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့်သာ မိမိတို့နိုင်ငံ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကြောင့် တိုင်းပြည် အင်အား တောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အား ချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကို လည်းကောင်း၊ သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေး မူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကိုအဓိကဦးတည်လျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ပြီး တစ်မျိုးသားလုံးနှင့် ပူးပေါင်း လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော်ခဲ့သည့်အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း မှန်ပေါ်သို့ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီမှုများကို အောင်မြင်စွာ ရယူနိုင်ခဲ့ပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ဒေသတွေပါ မကျန်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ငွေကျပ်သန်းပေါင်းများစွာ ပုံအောပြီး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ဖြစ်ထွန်းအောင်မြင်မှု အသီးအပွင့်များ ရရှိနေပြီဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

ပြည်ထောင်စုကြီး စတင် သန္ဓေတည်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံ ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ယင်းပင်လုံဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသီးသီးတွင် ပင်လုံတက္ကသိုလ်၊ ပင်လုံကွန်ပျူတာကောလိပ်နှင့် လွိုင်လင်မြို့တွင် တည်ဆောက်ထားသည့် လွိုင်လင်ဆေးရုံကြီးတို့သည် ပင်လုံဒေသ ဖွံ့ဖြိုးမှု၏ သင်္ကေတများအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေပြီဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း တစ်နိုင်ငံလုံးမှ ကိုယ်စားလှယ်များ ပင်လုံမြို့မှာ စုဝေးပြီး နိုင်ငံတော်အစိုးရ၏ ပင်လုံဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှုများကို ဂုဏ်ပြုခဲ့ကြပြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအင်တိုက်အားတိုက် ထူးကဲစွာဆောင်ရွက်ခြင်းကြောင့် တိုင်းရင်းသားပြည်သူအပေါင်းနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုရှင်သန်စေခဲ့ကြောင်း၊ ဤကဲ့သို့ မိမိတို့ တိုင်းရင်းသားအချင်းချင်း၏ စည်းလုံးညီညွတ်မှုအားများကိုဖျက်ဆီးလာမည့် အဖျက်အန္တရာယ် အသွယ်သွယ်ကို မိမိတို့တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးမှု စွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်း

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်ဦးကိုကိုလတ်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပကားများနှင့် တွန်းလှန်ကြရမည် ဖြစ်ပြီး ယခုလိုအခြေအနေ၊ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာသည်ထက် ခိုင်မာစေရအောင် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး ပေါ်ထွန်းလာခဲ့သည့် အစဉ်အလာကောင်း၊ အခြေခံကောင်းများကို ပီပီပြင်ပြင် ဖော်ထုတ်မြှင့်တင်ပြီး ပြည်ထောင်စုနေ့အခမ်းအနားကြီးကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေး အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင် ခမ်းနားစွာ ကျင်းပတော့မည်ကို မိမိတို့ ပြည်သူလူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုအပ်ပါကြောင်းဖြင့်တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကြီးကိုကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်အေးအေးမြင့်ကတင်ပြရာတွင် တိုင်းရင်းသားပြည်သူလူထုအားလုံးသိရှိကြပြီး ဖြစ်သည့်အတိုင်း နိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရေးဆွဲချပြခဲ့ပြီးနောက် ပထမအဆင့်လုပ်ငန်းဖြစ်သည့်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရန်ကုန်တိုင်းရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်လေး ထောင့်ကန်ကျေးရွာအား က စားကွင်း၌ကျင်းပရာ သဘာပတိ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်ရမည့်အခြေခံမူများ ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းလာခဲ့သည့် နိုင်ငံတော်အစိုးရသည်မူလကတည်းက သန္နိဋ္ဌာန်ချမှတ်ထားသည့်အတိုင်း မိမိတို့အမျိုး

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်ခိုင်က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

သားအင်အားစုချင်း ပြန်လည် သင့်မြတ် စည်းလုံးရေးနှင့် ဒီမိုကရေစီရေးကို မသွေမဖည်ဘဲ ၁၉၉၃ခုနှစ်တွင် အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့ကြောင်း၊ ဤညီလာခံကြီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားခံသည့် ပုဂ္ဂိုလ်များ စိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြပြီး ဤညီလာခံကြီးတွင် အားလုံးတညီတညွတ်တည်း နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူကြီး(၁၀၄)ချက်ကိုချမှတ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏တာဝန်များ စတင်ယူစဉ်ကပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအရေးကြီးသော ဒို့တာဝန် အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း နိုင်ငံသားတိုင်း အစဉ်အမြဲထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ တစ်နည်းဆိုရသော် ပစ္စုပ္ပန်ကာလအတွက်သာမက နောင်သားစဉ်မြေးဆက်တိုင်လက်ဆင့်ကမ်း တာဝန်ယူသွားရမည့် အမျိုးသားရေးတာဝန်များလည်းဖြစ်ကြောင်း။

အခြေခံကောင်းများရရှိ

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တာဝန်များစတင်ယူစဉ်ကပင် ချမှတ်ခဲ့သည့် အမျိုးသားရေးမူဝါဒနှင့် အတူနိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက် လေးရပ်တို့ကို ချမှတ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေရန် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံကိုတည်ဆောက်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြည်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူတို့နှင့်လက်တွဲကြိုးပမ်းခဲ့ရာ အောင်မြင်မှု အခြေခံကောင်းများလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ ၁၀၈၈ဦးဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်း တိုင်ပင်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ် မေလတွင်စတင်ကျင်းပခဲ့ပြီး မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေတ္တရပ်နားခဲ့ကာ ယခုပွင့်လင်းရာသီဖြစ်သည့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည် ကျင်းပရန် ထုတ်ပြန်ကြေညာပြီး ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် အသက်တမျှအရေးကြီးသည့်ညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့်ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေကြီးပေါ်ထွန်းလာရေးအတွက်လည်း အရေးကြီးဆုံးဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် လူထုကြီးအပါအဝင် နိုင်ငံသားအားလုံးကလည်း ကျရာကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ တစ်ဆင့်ခြင်း စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကိုလည်း အားလုံးသိမြင်ကြပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်လာမည်ဖြစ်ကြောင်း။

ဤတွင်အထူးသတိပြုရမည်မှာ အဖျက်အမှောင့်အန္တရာယ်ဖြစ်ကြောင်း၊ အဖျက်အမှောင့် အန္တရာယ်များကို ပြည်သူ့သဘောထားလေးရပ်နှင့် အညီ တွန်းလှန်ဆန့်ကျင်ချေမှုန်းသွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား အားလုံး၏ ညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ကို ယိုယွင်းပျက်ပြားအောင် ဖန်တီး လုပ်ဆောင်နေမှုများကို သတိရှိရှိဖြင့် တွန်းလှန်ဖယ်ရှားပစ်ရမည်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း၂၀၀၃ ခုနှစ် ပုဂံရှေးဟောင်း နယ်မြေတွင် လူထုအစည်းအဝေးကြီး ကျင်းပခဲ့ပြီး မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးပူးပေါင်းဆောင်ရွက်ရန် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် ကြေညာချက်ချမှတ်ထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသား ခေါင်းဆောင်အသီးသီးတို့၏ စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သော ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီးအတွင်း စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် အမျိုးသားရေးအနှစ်သာရ အဓိပ္ပာယ် ပြည့်ဝစွာဖြင့် ဆက်လက် ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်စေရန်မိမိတို့ အပါအဝင် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးနှင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ်အားလုံးက တန်ဖိုးထားလေးစားစွာဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြဖို့ တိုက်တွန်းရင်း ယခု ဖေဖော်ဝါရီလ ၁၇ ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း တင်ပြသည်။

ထို့နောက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစန်းမောင်က တင်ပြရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲကြီးတွင် ချမှတ်ခဲ့သောရှေ့လုပ်ငန်းစဉ် (၉)ရပ်ထဲတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေဖို့အတွက် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရေးကို ချမှတ်ဆုံးဖြတ်ခဲ့ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရှေ့ပိုင်းခရိုင်အနေဖြင့် ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကချမှတ်သည့် ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ပေါက်မြောက်အောင်မြင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြက္ခဒိန်ရေးဆွဲပြီး စနစ်တကျဖြင့် ပြည်သူလူထုကြီးအား အကျိုးပြုမည့်လုပ်ငန်းများကို အသင်းအဆင့်ဆင့်တာဝန်ရှိသူများ၏ကြိုးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ကြောင်း။

ရေရရှိရေးဆောင်ရွက်

ခရိုင်အတွင်းရှိ တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပြည်သူများ သောက်သုံးရေစနစ်တကျသုံးစွဲနိုင်ရေးအတွက် ပျားရည်ကုန်းရပ်ကွက်တွင် ၂၉၈၃ပေ အရှည်ရှိ ရေပိုက်များသွယ်တန်းဆောင်ရွက်ပေးခဲ့ပြီး ပြည်သူလူထု သောက်သုံးရေများ၊ နေအိမ်အလိုက် ရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ကာ နိုင်လွန်ကတ္တရာခင်းလမ်း ပေ၇၀၀ ခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်းမြို့နယ်အတွင်း ပြည်သူလူထုအတွက် လမ်းပေါင်း ၁၅လမ်း ကတ္တရာလမ်းချော ခင်းပေးခြင်း၊ အဝီစိတွင်း ရှစ်လက်မ၊ လေးလက်မတွင်းငါးတွင်း တူးပေးခြင်း၊ ရေတံုကင် ၅၃ခု တပ်ဆင်ပေးခြင်းနှင့် အားကစားကွင်းနှစ်ကွင်းတည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် (၈၀)ရပ်ကွက်နှင့် (၁၆၈)ရပ်ကွက်များ၌ အဝီစိတွင်းနှစ်တွင်းတူးပေးပြီး ရေစုပ်စက်များ တပ်ဆင်ပေးခဲ့ကြောင်း။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် လမ်းရှစ်လမ်းကို ကတ္တရာလမ်းချောခင်းပေးနိုင်ခဲ့ပြီး နှစ်လက်မ အဝီစိတွင်း နှစ်တွင်း၊ လေးလက်မ အဝီစိတွင်း တစ်တွင်းတူးပေးခဲ့ကြောင်း။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှာလည်း လေးလက်မ အဝီစိတွင်းသုံးတွင်း၊ နှစ်လက်မအဝီစိတွင်း ရှစ်တွင်းတို့ကို ရေစုပ်စက်၊ ရေအုတ်ကန်အစုံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လေးလက်မ အဝီစိတွင်းနှစ်တွင်းကို စက်အပြည့်အစုံဖြင့် တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ကတ္တရာလမ်းချောပေါင်း ၁၉လမ်း၊ပေအရှည် ၄၅၀၉၂ပေခင်းရန် စီစဉ် ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် လမ်းငါးလမ်း ကတ္တရာလမ်းချောခင်းပေးခဲ့ပြီး အားကစားကွင်းတစ်ကွင်းပြုလုပ်ပေးခဲ့ကြောင်း၊ ဒေါပုံမြို့နယ်တွင် ရာဇသင်္ကြန်လမ်း ပေ ၁၀၅၀ အား ကွန်ကရစ်ခင်းပေးခဲ့ပြီး ကျောက်လမ်းတစ်လမ်း ခင်းပေးနိုင်ခဲ့ကြောင်း၊ ပုဇွန်တောင်မြို့နယ်တွင်မှု ၄၉လမ်း ပေ ၈၅၀ကတ္တရာခင်းခြင်းနှင့် (၆)ရပ်ကွက်ရေရရှိရေးဆောင်ရွက်ခဲ့ကြောင်း၊ ဗိုလ်တထောင်မြို့နယ်တွင်

စာမျက်နှာ ၁၂ ကော်လံ ၁

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အခြေခံပညာအထက်တန်းနှင့်အလယ်တန်း ကျပန်းစကားပြောပြိုင်ပွဲတက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်ကျောင်းခန်းမ၌ကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့်အလယ်တန်း(ဗဟိုအဆင့်)ကျပန်းစကားပြောပြိုင်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ကျပန်းစကားပြောပြိုင်ပွဲသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျင်းပရေးဦးစီးကော်မတီဝင် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် ကျင်းပရေးဦးစီးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာအဆင့်စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ အကဲဖြတ်အဖွဲ့ဝင် ပါမောက္ခများ၊ ကြီးကြပ်သူ ဆရာဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ကောလိပ်၊သိပ္ပံကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာအဆင့်စာပေ၊အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပြိုင်ပွဲဝင်များလိုက်နာရမည့် စည်းကမ်းချက်များနှင့် အမှတ်ပေးစနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ယှဉ်ပြိုင်ဟောပြော

ထို့နောက် အခြေခံပညာအထက်တန်း(ဗဟိုအဆင့်)ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ ၁၇ဦးတို့က ပြိုင်ပွဲဝင်ရမည့် အမှတ်စဉ်နှင့် ဟောပြောရမည့်ခေါင်းစဉ်တို့ကို မဲနှိုက်၍ယှဉ်ပြိုင် ဟောပြောကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်း(ဗဟိုအဆင့်)ကျပန်းစကားပြောပြိုင်ပွဲတွင် ရန်ကုန်တိုင်း အထက(၂) လသာမြို့နယ်မှ မဖြူဝင့်သော်က ပထမ၊ မွန်ပြည်နယ် အထက မုတ္တမ ပေါင်မြို့နယ်မှ မောင်စိုးပိုင်က ဒုတိယ၊ မကွေးတိုင်း အထက(၂) မကွေးမြို့နယ်မှ မရတနာမျိုးဝင်းက တတိယ အသီးသီးရရှိကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမနေ့ပြိုင်ပွဲကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်း(ဗဟိုအဆင့်)ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၁ မှ

Flower Box အခု ၈၀ ဆောင်ရွက်ပေးခဲ့ပြီး ဇင်ယော်လမ်းကို ရေသွယ်ပေးနိုင်ခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ၈၇လမ်း၊ ၈၈လမ်းနှင့် ၈၉ လမ်းများမှာရှိသည့် ရေပိုက်များ ချေးဆေးခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြောက်ဥက္ကလာပမြို့နယ်တွင် လမ်းပေါင်း ၁၉ လမ်း ကျောက်ချောကတ္တရာခင်းပေးခဲ့ပြီး (င)ရပ်ကွက်နှင့် (ဍ)ရပ်ကွက်များ ရေသွယ်ခြင်းနှင့် ရေတံကင် ၄၄ ခုအတွက် ပြည်သူမှ ငွေကျပ် ၃၇သိန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၅၃ သိန်း လှူဒါန်းတပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း။

တူးဖော်ဆောင်ရွက်

ရန်ကင်းမြို့နယ်တွင် လမ်းတစ်လမ်း ရေပိတ်လွှာကတ္တရာခင်းပေးခဲ့ပြီး သာကေတမြို့နယ်တွင် လမ်းပေါင်း ၁၁လမ်း၊ ပေအရှည် ၁၁၆၁၃ပေ ကတ္တရာခင်းပေးနိုင်ပြီး ရေရရှိရေးအတွက် ရေအဝီစိတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သင်္ဃန်းကျွန်းမြို့နယ် တွင်လည်း လမ်းသုံးလမ်း ကျောက်ခင်းခြင်းနှင့် သုဝဏ္ဏ ၂၅ နှင့် ၂၃ရပ်ကွက်များအား ရေပိုက်များချပြီး ရေသွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း။

အရှေ့ပိုင်းခရိုင် တစ်ခုလုံးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လမ်းစုစုပေါင်း ၈၂ လမ်းအား ကတ္တရာလမ်းချောခင်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရပ်ကွက်ခြောက်ရပ်ကွက်ကို ရေပိုက်သွယ်ခြင်း၊ ရေတံကင် ၈၇ ခု တပ်ဆင်ပေးခြင်းနှင့် အဝီစိတွင်း၊ ရေစုပ်စက် ရေအုတ်ကန်အပါအဝင် ငါးရပ်ကွက် ဆောင်ရွက်ပေးခဲ့ရာ တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ထောင်ချီရှိခဲ့သည်ကိုလည်း တင်ပြအပ်ကြောင်း။

ဖွင့်လှစ်ပို့ချပေး

ထို့ပြင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်အသီးသီးမှ ရေမြောင်းများ ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ လမ်းကူးရေပိုက်ကြီးများ အသစ်လဲလှယ်ပေးခြင်း၊ သောက်သုံးရေ ရှားပါးသည့် ရပ်ကွက်နေပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးခြင်း၊ပြည်သူလူထုကျန်းမာရေးအတွက် လိုအပ်သော သွေးများကို အစဉ်အမြဲလှူဒါန်းအသက်ကယ်ပေးခြင်း၊ အပတ်စဉ်ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဖြစ် သန့်ရှင်းရေးများဆောင်ရွက်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ရပ်ကွက်များ၊ ကျောင်းများသို့ ခြင်နှိမ်နင်းရေးဆေးများအား အသင်းဝင်များက စနစ်တကျ ဆေးဖျန်းပေးခြင်း၊ ခရိုင်အတွင်းရှိ ကျေးရွာများသို့ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် ပညာဒါနသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အပြင် စုပေါင်းရဟန်းခံရှင်ပြုပွဲများ ပြုလုပ်ပေးခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လူကောင်းလူတော်များ ပေါ်ပေါက်နိုင်ရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖြစ်သော စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာကြံ့ခိုင်မှုအား အထောက်အကူဖြစ်စေသော ဘောလုံးပြိုင်ပွဲများ၊ ဝိုက်ကျော်ခြင်း ပြိုင်ပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ကြောင်း။

ပိုမိုကျယ်ပြန့်စွာဆောင်ရွက်

ယခုတင်ပြချက်များသည် အရှေ့ပိုင်းခရိုင်အတွင်း ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကျေးရွာလမ်းဖြစ်မြောက်ရေးဆောင်ရွက်မှုများ၊ ကျေးရွာသုံး ရေကန်များ စနစ်တကျဖြစ်ရေးဆောင်ရွက်မှုများ၊ မြို့နယ်၊ ရပ်ကွက်များ ကတ္တရာလမ်းချောခင်းခြင်းလုပ်ငန်းများ၊ အဝီစိတွင်းတူးပြီး ရေရရှိရေးဆောင်ရွက်ပေးရန်များနှင့် မူလတန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအတွင်း ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးသွားရန်လည်း စီမံထားပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရှေ့ပိုင်းခရိုင်အနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်အသင်းအဆင့်ဆင့်အား ဦးဆောင်လျက်ပြည်သူလူထုကြီးအကျိုးအတွက် ကျေးရွာ၊ရပ်ကွက် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းပြည့်စုံလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်အား စနစ်တကျ စေတနာ၊ ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့်

အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်ဦးစန်းမောင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံတင်ပြသည်။

ယင်းနောက် ဆောင်ရွက်ရန်လျာထားသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သည့် ခရိုင်အတွင်းရှိ လမ်းပေါင်း၈၂ လမ်းအား လမ်းခင်းပေးခြင်းနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ငွေကျပ်သိန်း၁၇၀နှင့်ရေပိုက်သွယ်တန်းခြင်း၊ စက်ရေတွင်း၂၅တွင်း တူးဖော်ခြင်းနှင့်သောက်သုံးရေရရှိရေး ကဏ္ဍအတွက် တန်ဖိုးငွေကျပ်သိန်း၉၀ စုစုပေါင်းငွေကျပ်သိန်း၂၆၀ဖိုးဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးဦးစောလှင်ထံသို့ လည်းကောင်း၊ ခရိုင်အတွင်းရှိ ကျောင်းများ ပြုပြင်ခြင်း၊ ကျောင်းသုံးပရိဘောဂများလှူဒါန်းခြင်းနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းခြင်း၊ ပညာရေးကဏ္ဍအတွက် ငွေကျပ် သိန်း၆၀ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းကို ခရိုင်ပညာရေးမှူး ဦးတင့်လွင်ထံသို့လည်းကောင်း ခရိုင်အတွင်းပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၁၅၀ကို မြောက်ဥက္ကလာပမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်ကျော်စိုးထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြင့်ခိုင်က ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ထောက်ခံ ဆွေးနွေးရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ သမိုင်းဝင် ပြည်ထောင်စုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု ခွန်အားများကြောင့် နယ်ချဲ့လက်အောက် ကိုလိုနီကျွန်သပေါက်ဘဝမှ လွတ်မြောက်ခဲ့ပြီး လွတ်လပ်ရေးကိုရရှိခဲ့ကာ ကမ္ဘာ့နိုင်ငံများရဲ့ အလယ်တွင် ဝင့်ထည်စွာ မြန်လည်ရပ်တည်နိုင်ခဲ့သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

ထောက်ခံတင်ပြ

ဤကဲ့သို့ ပြည်ထောင်စုသားအားလုံး၏ ဂုဏ်ထူးဝိသေသထူးများနှင့် ပြည့်စုံသည့် ပြည်ထောင်စုနေ့ကြီးသည် မိမိတို့ ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးအတွက်အလွန်အားရဂုဏ်ယူစွာဖြင့် ဂုဏ်ပြုထိုက်ကြောင်း ဦးစွာ ထောက်ခံတင်ပြအပ်ကြောင်း။

ယင်းနှင့်တစ်ဆက်တည်းမှာပင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ၁၇ရက်နေ့တွင် ရန်ကုန်တိုင်းညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မည်ဖြစ်သည့် အမျိုးသားညီလာခံကြီးသည်လည်း နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊အေးချမ်းသာယာသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့်ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပေါ်ပေါက်လာရေးအတွက် အခြေခံရမည့် မူများနှင့် အသေးစိတ်အခြေခံရမည့် မူများကို တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် အစုအဖွဲ့ပေါင်းစုံပါဝင်သော အမျိုးသားညီလာခံကြီးက ချမှတ်ပေးမည်ဖြစ်ကြောင်း။

မိမိတို့ ယနေ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွန်စွာမှအရေးကြီးကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် Road Map ပထမအဆင့်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများသတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ယနေ့တက်ရောက်လာကြသည့် ပရိသတ်အားလုံး၏ ကိုယ်စားထောက်ခံပါကြောင်း ပြောကြားလိုကြောင်း။

ဤအမျိုးသားညီလာခံကြီးကို အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့အစည်းအဝေးကြီးသို့တက်ရောက်လာကြသည့် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက် တက်တက်ကြွကြွ ကြိုးပမ်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်သကဲ့သို့ အမျိုးသားညီလာခံကြီးပျက်စီးရာပျက်စီးကြောင်း အန္တရာယ်မှန်သမျှကိုလည်း အားလုံးက ဆန့်ကျင်တားဆီး ကာကွယ်ကြမည်ဖြစ်ကြောင်း လေးလေးနက်နက်ပြောကြားလိုကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် နိုင်ငံတော်၏အနာဂတ်ရည်မှန်းချက်ဖြစ်သကဲ့သို့ ပြည်သူတို့လိုလားတောင့်တနေသော မူဝါဒလမ်းစဉ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအဝန်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲများကို ပြည်နယ်တိုင်းများအတွင်းပြုလုပ်ခဲ့ကြပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်ရင်းရှိ ပြည်သူ့အားကစားကွင်းကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်များတက်ရောက်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်ကြိုဆိုထောက်ခံပွဲကြီးကျင်းပပြီး ပုဂံကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံးကိုယ်စားကြိုဆိုထောက်ခံပါကြောင်း အလေးအနက်တင်ပြအပ်ပါကြောင်း။

ဆက်လက်၍ မိမိတို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းတွင် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် မြစ်ကူး၊ ချောင်းကူး တံတားကြီးများ၊ ဆေးရုံ၊ တက္ကသိုလ်ကြီးများ၊မြို့သစ်များ၊ လမ်းများ၊ စက်ရေတွင်းများနှင့် ရေကန်များ၊ ကျေးလက်ဒေသ မီးလင်းရေးများပေါ် မကျန် လက်တွေ့ကျကျ ဆောင်ရွက်ပေးခြင်းများကို တွေ့ရှိရသည့်အတွက် အလွန်ပင်ဝမ်းသာပီတိ ဖြစ်ရကြောင်း ပြောကြားလိုကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ရှေ့ဆက်၍လည်း နိုင်ငံတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဒေသခံပြည်သူများ အမှန်တကယ် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည်ကို သိရသည့်အတွက်လည်း ဝမ်းမြောက် ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့အရှေ့ပိုင်းခရိုင်အတွင်းရှိ ပြည်သူလူထုကြီး၏ အကျိုး၊ ရပ်ရွာအကျိုးများကို ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းပေးကြသကဲ့သို့ပြည်သူလူထုကြီးနှင့် မိမိတို့ အသင်းဝင်အားလုံးက ကျရာအခန်း ကဏ္ဍများမှ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း တက်ရောက်လာကြသည့် ပရိသတ်ကြီး၏ ကိုယ်စားကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံတင်ပြသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်း၊ တင်ပြချက်များကို တက်ရောက်လာသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားနှင့်အညီ သဘောတူညီမှုကို ရယူကာ ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအား ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤအခမ်းအနားက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြက အခမ်းအနားကို နံနက် ၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဦးတည်မျှော်မှန်းထားသည့်အတိုင်းဆောင်ရွက်ပေးနေ ပြည်သူများက မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီးပါဝင်ပူးပေါင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ၂၆ ရက် နံနက် ၉ နာရီတွင် ဂန့်ဂေါမြို့နယ် ကန်ရွာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကန်ရွာ၊ ကျုံးရွာ၊ ကျွန်းခုံသာကျေးရွာ၊ ဘော်ပြင်ကျေးရွာ၊ တောင်ယာပြင်ကျေးရွာ၊ ရွှေတောင်ကျေးရွာ၊ ထယ်လှော်ကျေးရွာ၊ မောက်ကျေးရွာ၊ လက်ပန်ကျေးရွာ၊ သာဂေါင်းကျေးရွာတို့မှ ကျေးလက်ပြည်သူ ၁၈၀၀ကျော်နှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၂၆ရက်က ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်ကျေးရွာ၌ ပြည်သူလူထုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ကန်ကျေးရွာအုပ်စုမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာအစောင် ၃၀၀ ကို စည်းရုံးရေးမှူးဦးလထော်က ဝန်ကြီး အား ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂန့်ဂေါခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနွေရာသီသင်တန်း များဖွင့်လှစ်ရန် အလှူငွေကျပ်တစ်သိန်း နှင့် စက်ဘီးတစ်စီးကိုလည်းကောင်း၊ ကန်ရွာအထက်တန်းကျောင်း ပြုပြင် ရန်အတွက် အလှူငွေကျပ် ငါးသောင်း ကိုလည်းကောင်း၊ ဂန့်ဂေါမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနွေရာသီသင်တန်းများ ဖွင့်လှစ် နိုင်ရန်အတွက် အလှူငွေကျပ်တစ်သိန်း နှင့် စက်ဘီးတစ်စီးကိုလည်းကောင်း၊ ကန်ကျေးရွာ အထက်တန်းကျောင်းနှင့် ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ စာသင်ကျောင်းများအတွက်ကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက် များအတွက် စာအုပ်စာတမ်းမျိုးစုံကို လည်းကောင်း၊ ကျေးရွာပြည်သူများ အတွက် ဆပ်ပြာမွှေးများကိုလည်း ကောင်း အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြ သည်။

ယင်းနောက် ဗိုလ်မှူးချုပ်ကျော် ဆန်းသည် ကန်ရွာတွဲဖက်မူလတန်း ကျောင်းနှင့် ကန်ရွာတိုက်နယ်ဆေးရုံ တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း ဗဟို အတွင်းရေးမှူး ပြန် ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဇန်နဝါရီ ၂၇ ရက်က ဂန့်ဂေါ မြို့နယ် ကျောရွာ အုပ်စုမှ စာသင် ကျောင်းများအတွက် ကျောင်းသုံးစာအုပ် များနှင့်ဗလာစာအုပ် များ ပေးအပ်လှူဒါန်း စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် မွေ့လယ်ကျေးရွာ သာသနာမူလဘုန်းတော်ကြီးကျောင်း ၌ မွေ့လယ်ကျေးရွာ၊ သာစည် ကျေးရွာ၊ ရဲလှကျေးရွာ၊ ချောင်း ကောက်ကျေးရွာ၊ မိုးစိုကျေးရွာ၊ ရေရှင်မ ကျေးရွာတို့မှ ကျေးလက်ပြည်သူ ၁၅၀၀ကျော်နှင့် တွေ့ဆုံပြီး အမှာ စကားပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် မွေ့လယ်ကျေးရွာ အုပ်စုမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၄၃၆စောင်ကို စည်းရုံးရေးမှူးဦးမြင့် လွင်က ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း အားပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက မွေ့လယ်ကျေးရွာ အထက်တန်းကျောင်းခွဲ အတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာ စာအုပ်များ၊ မွေ့လယ်ကျေးရွာအုပ်စု စာသင်ကျောင်းများအတွက် ကျောင်း သုံးစာအုပ်နှင့် ဗလာစာအုပ်များကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက် များအတွက် စာအုပ်စာတမ်းများကို လည်းကောင်း၊ မွေ့လယ်ကျေးရွာ အထက်တန်းကျောင်းခွဲသင်ထောက်ကူ ပြုစာသင်ခန်းအတွက် အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း ပေးအပ် လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် ညနေ ၃ နာရီတွင် ဂန့်ဂေါ မြို့နယ် တောင်ခင်ရန်ကျေးရွာ အထက်တန်းကျောင်းခွဲရှိ ကျောင်း ခန်းမ၌ တောင်ခင်ရန်ကျေးရွာ၊ရေရှင် ကျေးရွာ၊ မြင်သာကျေးရွာ၊ ရှမ်းခါး ကျေးရွာ၊ ရွာမကျေးရွာ၊သာလင်းကျေး ရွာတို့မှ ကျေးလက်ပြည်သူ ၁၆၀၀ ကျော်တို့နှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ခင်ရန်း ကျေး ရွာအုပ်စုမှ ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၈၂ စောင်ကိုလည်း စည်းရုံးရေးမှူး ဦးမောင်အုံးက ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက တောင်ခင်ရန်း အထက်တန်းကျောင်းခွဲနှင့် ကျေးရွာ များမှ စာသင်ကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာ အုပ်များကိုလည်းကောင်း၊ တောင်ခင် ရန်း သုတစွယ်စုံစာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံ တို့ကိုလည်း ကောင်း၊ တောင်ခင်ရန်းအထက် တန်းကျောင်းခွဲ ပြုပြင်ရန်အလှူငွေ ကျပ်ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာတာဝန်ရှိသူများက လက်ခံ ရယူသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် ညနေ ၅ နာရီတွင် မြောက်ခင် ရန်း ကျေးရွာသို့ ရောက်ရှိပြီး မြောက် ခင်ရန်းကျေးရွာ၊ဟံသာဝတီကျေးရွာ၊ ကုက္ကားကျေးရွာ၊အရှေ့လယ်ကြီးကျေး ရွာ၊ အနောက်လယ်ကြီးကျေးရွာ၊ ဝင်ဝ ကျေးရွာနှင့် စန်းမြို့ ကျေးရွာများမှ ကျေးလက်ပြည်သူ ၁၂၀၀ ကျော်နှင့် တွေ့ဆုံပြီး အမှာစကားပြောကြား သည်။

ထို့နောက် မြောက်ခင်ရန်းကျေး ရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၀၀ ကို စည်းရုံးရေးမှူး ဦးအောင်ခင် က ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အား ပေးအပ်သည်။

ဆက်လက်၍ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မြောက်ခင်ရန်း အထက် တန်းကျောင်းခွဲ ကျောင်းပြုပြင်ရန် လှူဒါန်းငွေ ကျပ်ငါးသောင်းကိုလည်း ကောင်း၊ မြောက်ခင်ရန်း ကျေးရွာ အုပ်စုမှ စာသင်ကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ် များကိုလည်းကောင်း၊ မြောက်ခင်ရန်း ကျေးရွာ စာကြည့်တိုက် အတွက် စာအုပ်စာတမ်းမျိုးစုံကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိ သူများက လက်ခံရယူသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် ဇန်နဝါရီ၂၇ရက် နံနက်တွင် ဂန့်ဂေါမြို့မှ ထွက်ခွာလာပြီး ဂန့် ဂေါမြို့နယ် မဲရွာရှိ သုတမဏ္ဍိုင် စာ ကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှု စစ်ဆေး၍ လိုအပ်ချက်များကို ဆွေး နွေးမှာကြားကာ ကျေးရွာစာကြည့် တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံ တို့ကို စာကြည့်တိုက်မှ တာဝန်ရှိသူများ အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဂန့်ဂေါမြို့နယ် ညောင်လယ်ရွာသို့ ရောက်ရှိပြီး ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံကာ ညောင်လယ် ရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး ၍ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးပြီး ညောင်လယ်ကျေးရွာ၊ လပြည့် ဝန်းကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံကို ပေးအပ် လှူဒါန်းသည်။

မွန်းလွဲ ၁ နာရီတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်ဂန့်ဂေါမြို့ နယ် ကျောကျေးရွာသို့ ရောက်ရှိပြီး ကျောကျေးရွာအထက်တန်း ကျောင်းခွဲ ခန်းမ၌ ကျောကျေးရွာ၊ ကွဲကိုင်း ကျေးရွာ၊ ရွာငယ်ကျေးရွာ၊ စခါး ကျေးရွာ၊ ပဲမစားကျေးရွာနှင့် ရွှေပင် ကျေးရွာတို့မှ ကျေးလက် ပြည်သူ ၅၀၀ ကျော်နှင့်တွေ့ဆုံကာ အမှာစကား ပြောကြားသည်။

ထို့နောက် ကျောကျေးရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၄၈၅စောင်ကို စည်းရုံးရေးမှူးဦးကျော်ကျော်က ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပေးအပ် သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကျောကျေးရွာအုပ်စု မှ စာသင်ကျောင်းများ အတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ် များကိုပေးအပ် လှူဒါန်းသည်။

တက်ရောက်ချီးမြှင့်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် ညနေ၄နာရီခွဲတွင် စစ်ကိုင်း တိုင်း ပုလဲမြို့နယ် မဲဇရပ်ကျေးရွာသို့ ရောက်ရှိပြီး သာသနာ့ဓမ္မရက္ခိတ ကျောင်းတိုက်ဝင်းအတွင်းရှိ ပညာ့ ဗိမာန် ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲကို ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း၊ မုံရွာခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ ကျေးရွာ စာကြည့်တိုက်ဥက္ကဋ္ဌဦးသန်းဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မဲဇရပ် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာ စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ပညာ့ဗိမာန်စာကြည့် တိုက်အတွက် လှူဒါန်းငွေကျပ်ငါး သောင်း၊ မုံရွာခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က စာကြည့် တိုက်အတွက် လှူဒါန်းငွေကျပ်နှစ် သောင်း၊ စစ်ကိုင်းတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးဌေးအောင်က လှူဒါန်းငွေ ကျပ်တစ်သောင်းနှင့် စာအုပ်စာတမ်း များ၊ မုံရွာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုလဲမြို့နယ်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က စာကြည့်တိုက်အတွက် စာအုပ်စာတမ်း များ၊ မုံရွာ Golden Groupကုမ္ပဏီမှ စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ၂၀၀၀၀တို့ကို အသီးသီးပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဂန့်ဂေါမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာပြည်သူ လူထုများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင်–

ပါဝင်ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်က ကျေးလက်ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဦးတည်မျှော်မှန်း ထားသည့်အတိုင်း ဆောင်ရွက်ပေးနေမှု များ၊ ပြည်သူလူထုအတွက် အကျိုးပြု လုပ်ငန်းများ၊ ကျေးလက်ပြည်သူများ အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထား ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ကျေးလက် ပြည်သူများ အသိပညာတိုးပွားလာရေး နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လမ်းညွှန် မှာကြား တာဝန်ပေးချက်အရ ၂၀၀၅– ၂၀၀၆ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာအားလုံးတွင် ကိုယ့်အားကိုယ် ကိုးစာကြည့်တိုက်များဖွင့်လှစ်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနက အကောင် အထည်ဖော်ဆောင်ရွက်နေမှုများ၊ **‘ဒို့ ကျေးရွာ’**ဂျာနယ်ကို ကျေးလက် ပြည်သူများအတွက် အကျိုးပြုစာပေ၊ ဗဟုသုတစာပေ ဖတ်ရှုနိုင်ရေး ဦးတည် လျက် အကျိုးအမြတ်လုံးဝမယူဘဲ ဆောင်ရွက်ပေးထားမှုများကို ရှေးဦးစွာ ရှင်းလင်းပြောကြားသည်။ ဆက်လက် ၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက် စေရန် နိုင်ငံတော်မှတာဝန်ရှိသူများ နေ့မအားညမနား ဆောင်ရွက်နေမှုများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံတော် အကြီးအကဲ၏ ဦးဆောင်မှုဖြင့် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ချမှတ်ထားသော နိုင်ငံ တော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေပုံများ၊အမျိုးသားညီလာခံ စနစ်တကျကျင်းပနေမှုများ၊ ယင်း ဆောင်ရွက်မှုတွင် ပြည်သူများက မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်အရင်းခံပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပုံများ၊ခေတ်သစ် နည်းဖြင့် ကျွန်ပြုမခံရအောင်နှင့် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အကြား နှစ်ပေါင်း ၄၀ ကာလကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သည့်ကာလမျိုး ထပ်မံ မကြုံတွေ့ရအောင် ပြည်သူများသတိ ရှိရန်လိုအပ်ပုံများ စသည်တို့ကိုအသေး စိတ်ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ဝိဇာတမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း လမ်းမတော် မြို့နယ် သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာ စရိယ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ)၏ (၆၆)နှစ်ပြည့် ဝိဇာတ မွေးနေ့မင်္ဂလာကို ဖေဖော်ဝါရီ ၆ရက်တွင် သံဃာတော် အရှင်မြတ် ၁၀၈ပါး တို့အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများဆက်ကပ်ပြီး နံနက် ၈နာရီခွဲတွင် သိက္ခာထပ်မင်္ဂလာ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညို လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က–ပ)**

လားရှိုးမြို့ မတ်ချီးနု-တာပုံ ကျေးလက်မြေသားလမ်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

လားရှိုး ဇန်နဝါရီ ၂၀

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မတ်ချီးနု-တာပုံကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းမှုလုပ်ငန်းကို ဇန်နဝါရီ ၁၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းဌွေးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြသည်။ (ဝဲပုံ)

အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ၃ မိုင် ၂ ဖာလုံ၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှကျပ် ၁၈၄ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းပြီးစီးပါက မတ်ချီးနု-တာပုံနှင့် လမ်းတစ်လျှောက်ရှိ ကျေးရွာများ လားရှိုးမြို့သို့ အလွယ်တကူသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် ဘုရားချောင်းတံခွန်တိုင်ကြီးကျေးရွာအုပ်စု ဝါးနက်ချောင်းကျေးရွာ မြတ်ဇမ္ဗူ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ဝါးနက်ချောင်းကျေးရွာ ကျေးရွာအုပ်စုဥက္ကဋ္ဌ နေအိမ်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်း-မြင့်အောင်)နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဟန်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

အခမ်းအနားတွင် ဘုရားချောင်းတံခွန်တိုင်ကြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဟန်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်း-မြင့်အောင်)က စာပေမှရရှိသောအကျိုးကျေးဇူးနှင့် ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေးအကြောင်းဟောပြောသည်။

ထို့နောက် ဘုရားချောင်းတံခွန်တိုင်ကြီးကျေးရွာအုပ်စုအတွင်းရှိ ဘုရားချောင်း၊ ကျွဲတလင်းနှင့် တံခွန်လေးကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများ ဆက်လက်ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကသာ-လေဘို-မဲဟင်း-ထီးချိုင့် ကျေးရွာချင်းဆက်လမ်း ထီးချိုင့်အပိုင်း ဂျင်းကျောက်ခင်းရန် စက်ယန္တရားများဖြင့်လမ်းချဲ့ခြင်း၊ မြေပေါင်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဌွေးအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော သဇင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၄ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သန့်ရှင်းရေးဆောင်ရွက်

ဆင်ဘို ဇန်နဝါရီ ၁၂

ဆင်ဘိုမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ၂၄ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့လုံးကျွတ်သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(ပြည်နယ်စည်ပင်)**

ပြည်ကြီးပျော်စာကြည့်တိုက်ဖွင့်

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံပြပွဲနှင့် ပြည်ကြီးပျော် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါရပ်ကွက် ပဲလော်ချောင် ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးသက်နိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံများနှင့် သုတ၊ ရသစာအုပ်များကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် မျိုးစုံ ၁၀၀ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြကလှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းအောင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လူငယ့်အားမာန် စာကြည့်တိုက်ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၁၂

ပခုက္ကူမြို့နယ် ကမ္မ(စံပြ)ကျေးရွာအုပ်စု ဂျိုးပုံကျေးရွာလူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ) (၄၁၃)**

ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး နွားထိုးကြီးမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကျင်းပ

နွားထိုးကြီး ဇန်နဝါရီ ၁၅

ကျေးလက်ဒေသနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးလျက်ရှိရာ သတ္တမအကြိမ် အလှူရှင်စက်ရေတွင်း ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီက နွားထိုးကြီးမြို့နယ် ပြရာချောင်းအုပ်စု သင်းတပေါ့(တောင်)ကျေးရွာမြောက်ပိုင်းရှိ အဆိုပါမင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးက စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်စက်ရေတွင်းအား အမှုဆောင်အရာရှိ ဦးအေးနိုင်က စက်ရေတွင်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းထံလွှဲပြောင်းပေးအပ်သည်။ ထို့နောက်အလှူရှင်စက်ရေတွင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။ **(၂၁၃)**

3-2 (15).p65 1 3/25/05, 6:27 PM

ဇန်နဝါရီ ၂၈ ရက်က သန်လျင်မြို့ ပဲခူးစုရပ်ကွက် လမ်းသစ်လမ်းကို ကျောက်ခင်းလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဋ္ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (ခရိုင်ပြန်/ဆက်)

ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်

မချမ်းဘော ဇန်နဝါရီ ၁၀

မချမ်းဘောမြို့တွင် မြို့တွင်း လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂ရက်က မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးစိုင်းရဲဝင်းနိုင်တို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့များက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဆိပ်ခွန်လမ်း လမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာအင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မိုးမိတ်မြို့နယ် ဟော်နန်းရပ်ကွက်တွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ရေဂါလန် ၁၅၀၀ဆံ့ အုတ်ရေကန်နှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကံမမြို့နယ်၌ ပေးအပ်

ကံမ ဇန်နဝါရီ ၂၆

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ကံမမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ညွှန့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်းထံ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရပ်ကွက်ကျေးရွာများသို့ ကျန်းမာရေးပညာပေး ဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက်နှင့် မြို့မ(၅)ရပ်ကွက်တို့တွင် ကျင်းပရာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက အသင်းဖွဲ့စည်းပုံ အကြောင်းကိုလည်းကောင်း **(အောက်ဝဲပုံ)**၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မေအေးက ရာသီအလိုက်ဖြစ်တတ်သော ကလေးများဝမ်းပျက်ဝမ်းလျှောနှင့် အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း အကြောင်းအရာကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်လှမြတ်နွယ်က ဆေးလိပ်နှင့်အရက်အကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါ်စုစုမွှေးက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်) အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ **(၁၃၄)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဖြတ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးကျင်းပ

မိုင်းဖြတ် ဇန်နဝါရီ ၁၅

မိုင်းဖြတ်ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂ရက်နံနက်က အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်က အမှာစကားပြောကြားသည်။ ထို့နောက် မိုင်းဖြတ်မြို့နယ် ဥက္ကဋ္ဌ ဦးလှမြင့်၊ မိုင်းယောင်းမြို့နယ် ဥက္ကဋ္ဌ ဦးသန်းညွှန့်တို့က မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို တင်ပြကြသည်။ ဆက်လက်၍ ခရိုင်နှင့် မြို့နယ်များ၏ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းကြရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်စိုး(ငြိမ်း)က အတည်ပြုပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၁၇ရက်က ကျောင်းကုန်းမြို့နယ် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် မူလတန်းအဆင့် အင်္ဂလိပ်ကဗျာ နှင့် အင်္ဂလိပ်ပုံပြောပြိုင်ပွဲ ပထမဆုနှင့် မြန်မာစာဘာသာ ထူးချွန်ဆုရ အမှတ်(၁) အထက မှ စတုတ္ထတန်းကျောင်းသူ မဆုမြတ်ဝတ်ရည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှချိုက ဆုချီးမြှင့်စဉ်။ (၂၆၅)

မြန်မာ့အသံ

၄-၂-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ စိုက်ပျိုးရေးရာပြန်ကြားလွှာ
- ၁၁း၃၅ သုတရေးရာဖြေကြားလွှာ
- ၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ (ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စုစည်းအားမာန်)

ညနေပိုင်း

- ၁၆း၁၀ ဟောပြောချက် (ပြည်ထောင်စုနေ့ တို့မမေ့-ချိုချို)
- ၁၆း၄၀ ဆွေးနွေးခန်း(တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု-ဒေါက်တာကျော်ဝင်း)
- ၁၇း၀၀ ဟောပြောချက် (တိုးတက်စည်ပင် ပြည်ထောင်စုတစ်ခွင်)(ချင်းပြည်နယ်)
- ၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
  - (၁) လက်ချင်းယှက်ထား ညီနောင်များ(ခေါင်းကြီး)
  - (၂) ပြည်ထောင်ပန်းတို့လန်းရာမြေ (ဆောင်းပါးသရုပ်ဖော်)
- ၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၈း၁၅ ကျေးလက်ဇာတ်လမ်း (ဘက်စုံအကျိုးရစေဖို့)
- ၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကျေးလက်နှင့် သိပ္ပံအကြောင်း-မောင်ဆုရှင်)
- ၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (ယဉ်ကိန္နရီကာလပေါ်အဖွဲ့)

ငွေဆောင်တွင် အလိမ္မာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်

ငွေဆောင် ဇန်နဝါရီ ၂၅

ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားရေးအတွက် ပုသိမ်ခရိုင် ငွေဆောင်အမှတ်(၁)ရပ်ကွက် ဇီးမော်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အလိမ္မာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ၊ အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၈နာရီက အဆိုပါကျေးရွာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေနှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ပေါင်း ၁၅၀ကျော်နှင့် ရန်ပုံငွေကျပ် ၄၄၅၀၀ ကျော်ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခမ်းမှာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။

ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သုံးဘာသာနှင့်အထက်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ဦးလှရွှေ ဖုန်း-၅၇၂၄၄၀၊ ဦးစန်းလွင် ဖုန်း-၆၄၁၆၂၉၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၈၀၆၆၁၊ ဦးတင်မောင်သန်း ဖုန်း-၆၈၀၉၀၉ တို့ထံ စာရင်းပေးပို့ကြပါရန်နှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

M.M.A.(ပုသိမ်)ခန်းမဆောင် ဆောက်လုပ်ရန် အလှူခံခြင်း

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ် ၂၂(က)မဟာဗန္ဓုလလမ်းမကြီး၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ခန်းမဆောင် ဆောက်လုပ်ရန် စီစဉ်လျက်ရှိပါသည်။ သို့ပါ၍ လျင်မြန်ချောမွေ့စွာ ဆောက်လုပ်နိုင်ရန် အလှူရှင်များ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဥက္ကဋ္ဌ၊	Dr. အောင်ကြည်ဝင်း(ကလေးအထူးကု)	ဖုန်း-၀၄၂-၂၁၂၉၂
ဒုတိယဥက္ကဋ္ဌ၊	Dr. ကြည်ဖေလော(အရိုးအထူးကု)	ဖုန်း-၀၄၂-၂၄၂၉၂
အတွင်းရေးမှူး၊	Dr. စိုးဝင်း(G.P)	ဖုန်း-၀၄၂-၂၃၀၈၄
အဖွဲ့ဝင်၊	Dr. စစ်တင်(G.P)	ဖုန်း-၀၄၂-၂၄၄၂၅
အဖွဲ့ဝင်၊	Dr. မင်းဆောင်(G.P)	ဖုန်း-၀၄၂-၂၄၂၉၀

M.M.A (ပုသိမ်)ခန်းမဆောင်ဖြစ်မြောက်ရေးအဖွဲ့ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။



မိတ္ထီလာ တပ်မတော်ကလေးများကျောင်း (ယခု အထက-၃) ကျောင်းသားများအာစရိယပူဇော်ပွဲ

မိတ္ထီလာ တပ်မတော်ကလေးများကျောင်း(ယခု အထက-၃)ကျောင်းသူ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နေရာ - I.B.C ခန်းမအမှတ်(၈၈)၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ (အင်းလျားကန်၊ တံတားဖြူမှတ်တိုင်)
ရက်စွဲ - ၁၃-၂-၂၀၀၅(တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၀၀-၁၁း၀၀)နာရီ
ဆက်သွယ်ရန်

၁။	ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်	ဖုန်း-၀၉-၈၀-၃၁၀၁၄
၂။	ဦးမြင့်အောင်	ဖုန်း- ၃၇၆၃၁၉
၃။	ဦးသန်းထိုက်	ဖုန်း-၂၁၁၃၀၉
၄။	ဒေါ်သန်းသန်းအေးမောင်	ဖုန်း-၂၁၂၉၃၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)
ရန်ကုန်မြို့
မြန်မာ့ရုပ်ရှင်လုပ်ငန်း

လေလံကြော်ငြာ

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်ရှိစက်ပစ္စည်းဟောင်းများနှင့် ပရိဘောဂဟောင်းများကို (၉-၂-၂၀၀၅)နေ့ နံနက် (၁၀း၀၀)နာရီတွင် လေလံတင်ရောင်းချပါမည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်စက်မှုသိုလှောင်ရုံ အမှတ် ၄(ခ)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကသ/၄၇၆၅ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကော့သောင်း)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ကော့သောင်းမြို့)။

အမွေပြတ်ကြေညာခြင်း

ကျွန်တော်၏သားများဖြစ်ကြသော မောင်အောင်သူ(ခ)စံဘို ၆/လလန(နိုင်)၀၀၂၉၈၅၊ မောင်ကိုကိုလတ်(ခ)ခင်မောင်ဦး ၆/လလန(နိုင်)၀၅၈၂၄၁နှင့် မောင်မျိုးဇော်(ခ)ငယ်လေး ၆/လလန (နိုင်)၀၅၈၇၇၅တို့သည်ဖခင်ဖြစ်သူ၏ ဆွဲ့ပြုချက်တစ်စုံတစ်ရာမရှိဘဲ မိမိတို့၏ သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်ကာ မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းတို့ကြောင့် ၂၇-၁-၂၀၀၅ ရက်မှစ၍ ၎င်းတို့သုံးဦးအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းတို့နှင့် ပတ်သက်၍ မည်သို့မျှ တာဝန် မယူပါကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးတိုးမောင် ၆/လလန(နိုင်)၀၀၂၉၅၁။**

အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

အလုံ၊ ကြည့်မြင်တိုင်နှင့်စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား၏ နှစ်(၁၀၀)ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ လုပ်ငန်းစဉ်များ ခွဲဝေ၍တာဝန်ယူဆောင်ရွက်လျက်ရှိကြရာတွင် ဓမ္မပူဇာတရားပွဲတော်ကို ငါးညတိုင်တိုင် ကျင်းပမည်ဖြစ်သည်။

တရားပွဲများကို အာရုံခံတန်ဆောင်းအတွင်း၌ ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ ဖေဖော်ဝါရီ၇ရက်ညတွင် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူကျောင်းတိုက်ပဓာနနာယက ဆရာတော်၊ ဖေဖော်ဝါရီ၈ရက်ညတွင် ရွှေပါရမီတောရပထမကျော်ဓမ္မာစရိယ အရှင် ဆန္ဒာဓိက၊ ဖေဖော်ဝါရီ ၉ရက်ညတွင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဉာဏိဿရ၊ ဖေဖော်ဝါရီ ၁၀ရက်ညတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်၊ ဖေဖော်ဝါရီ၁၁ရက်ညတွင် တိပိဋကဓမ္မဘဏ္ဍာဂါရိကမဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်(ယော)ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသဆရာတော်ကြီးများက ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က သန္တိသုခ နှစ်ထပ်ဓမ္မာရုံကြီးတွင် ပြုလုပ်ရာ မုခ်ဦးအတွက် အလှူငွေကျပ်၅၇၆၀၀၀၀နှင့် နီယွန်ဆိုင်းဘုတ်အတွက် အလှူငွေကျပ် ၆၃၀၀၀၀ အလှူရှင်ဦးစိန်ထွေး-ဒေါ်ဆုစန္ဒာဟုတ်၊ သားမောင်စစ်ရန်နိုင် အား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (၁၂၉)

ပါဠိမဥ္ဇူကျောင်းဆောင်သစ် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော) ဆရာတော် စီမံအုပ်ချုပ်လျက်ရှိသော ဗဟန်းမြို့နယ် နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကျောင်းတိုက်တည် (၄၆)နှစ်ပြည့် အထိမ်းအမှတ်စာအောင် သံဃာပူဇော်ပွဲနှင့် ပါဠိမဥ္ဇူငါးထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲကို ဖေဖော်ဝါရီ ၆ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ တရားပွဲများအဖြစ် ဖေဖော်ဝါရီ ၆ရက်က အရှင်ဆန္ဒာဓိက ရွှေပါရမီ တောရဆရာတော်၊ ဖေဖော်ဝါရီ၇ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဓမ္မဒူတ ဇေတဝန်တောရဆရာတော်၊ ဖေဖော်ဝါရီ ၈ရက်တွင် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်တို့က ညစဉ်၇နာရီတွင် ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၂၈ရက်က မင်္ဂလာဒုံမြို့နယ် အမက(၃၂) မူလတန်းလွန်ကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင်က စတုတ္ထတန်းမှ ပထမဆုရ မခင်မြင့်မိုရ်သိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

စင်ထရယ်ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း အထက (၁)လသာ(ဗဟိုစံပြခန်းမ)၌ ၁၉၆၅ ခုနှစ်နောက်ပိုင်း စင်ထရယ်အထက (၁)လသာကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် စင်ထရယ် ကျောင်းသားဟောင်းများအသင်းက ဖိတ်ကြားထားသည်။

စင်ထရယ်ကျောင်းသားဟောင်းများအသင်းမှ ဆရာ ဆရာမများ၏ ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်ရေးကိစ္စရပ်များကို ဆောင်ရွက်နေပြီဖြစ်ရာ ပါဝင်လှူဒါန်းလိုသည့် ကျောင်းသားများသည် စင်ထရယ် ကျောင်းသားဟောင်းများ အမှုဆောင်အဖွဲ့ ဖုန်း-၂၄၅၃၀၈၊ ၂၅၀၈၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၁၉၆၉-၁၉၇၃ မြန်မာစာဘွဲ့ရကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၁၉၇၃ ခုနှစ် မြန်မာစာ အဓိကဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ တတိယ အကြိမ်မြောက် မြန်မာစာဌာနမှ အငြိမ်းစား ဆရာ ဆရာမကြီး ၁၅ ဦးတို့အား ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း (တော်ဝင်နှင်းဆီ)၌ ပြုလုပ်မည်ဖြစ်သည်။ ၁၉၆၉-၁၉၇၃ မြန်မာစာဘွဲ့ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဗိုလ်မှူးခင်စိုး(ငြိမ်း) ဖုန်း-၅၄၃၆၆၉၊ ဦးစိုးညွန့်(တော်ဝင်နှင်းဆီ) ဖုန်း-၅၄၂၇၂၀၊ ဦးကြည်ထွန်း(ထန်လှိုင်) ဖုန်း-၅၁၄၃၆၁၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၅၀၀-၇၈၄၉၊ ဦးမြတ်လှစိန် ဖုန်း-၅၃၅၂၇၈၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ရီရီတာ ဖုန်း-၅၇၁၅၈၄၊ ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀နှင့် နီနီဝင်း ဖုန်း-၅၂၆၉၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ဝါးကုန်းကျေးရွာအုပ်စု အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဇန်နဝါရီ ၂၁ ရက်က ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မာလာဝင်းနှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့တွင်လိုင်စင်များ လေလံတင်ရောင်းချ

မြင်းခြံ ဇန်နဝါရီ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေး လိုင်စင်များ လေလံတင်ရောင်းချပွဲကို ဒီဇင်ဘာ ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က လေလံစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြီးနောက် လေလံဆွဲဝယ်သူများက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြကြောင်း သိရသည်။ **(၄၀၂)**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရည်အသွေးမြင့်မားလာ၍ အနာဂတ်အလားအလာကောင်းနေပြီ အောင်မြင်နေသည့် လယ်ယာသုံးကုန်တင်ယာဉ်နှင့် ဘတ်စ်ကားထုတ်လုပ်မှု ပိုမိုတိုးတက်ရေးဝိုင်းဝန်းအားပေး စက်မှုကဏ္ဍ အကြီးမားဆုံးနှုန်းနှင့်အမြန်ဆုံးဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှ နိုင်ငံတော်၏အနာဂတ်ခေတ်မီရှင်သန်မည် တိုင်းပြည်အတွက်လိုအပ်နေသည့် စက်မှုလုပ်ငန်းများ လမ်းကြောင်းမှန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့်ထူထောင်

ရန်ကုန် ဖေဖော်ဝါရီ ၂

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယမန်နေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၅)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်အားဖြည့်လုပ်ကိုင်

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်မည်ဆိုလျှင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်တာဝန်ပေးအပ်ထားသည့်အတိုင်း ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရန် မိမိတို့တက်ညီလက်ညီ တက်တက်ကြွကြွ ကြိုးကြိုးစားစားဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းသို့ကြိုးစားဆောင်ရွက်ခဲ့ရာ၌ တိုးတက်အောင်မြင်မှုများရှိသကဲ့သို့ ဆက်လက်အားဖြည့်လုပ်ကိုင်ရမည့်ကိစ္စများလည်း ကျန်ရှိနေကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁* ●

ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်မှ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းလာမည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစုများ အစုံအညီတက်ရောက်နေသော ညီလာခံကြီးဖြစ် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ရန်ကုန်အရှေ့ပိုင်းခရိုင်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် လေးထောင့်ကန်ကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)** *စာမျက်နှာ ၇ ကော်လံ ၁* ✡

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် နည်းပညာပြန့်ပွားရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ခင်းကျင်း ပြသမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)